# ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်

တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင်(၂)

၂၀၂၀ မတ်လ

ACC Myanmar

**ပုံနှိပ်မှတ်တမ်း**

| | | |
|---|---|---|
| ထုတ်ဝေသူ | - | အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး (၀၂၇၈၇)<br>အုပ်စု(၁)၊ အားကစားလေ့ကျင့်ရေးစခန်း၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊<br>နေပြည်တော်။ |
| ပုံနှိပ်သူ | - | ပေါင်းစည်းညီညာရွှေနိုင်ငံပုံနှိပ်အုပ်စုကုမ္ပဏီလီမိတက်<br>ပုံနှိပ်တိုက် (၀၁၄၁၆)<br>အမှတ်(၁၁၂)၊ ဇုန်(၂)၊ ပြင်စည်မင်းသားကြီးလမ်း၊<br>ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ပုံနှိပ်ခြင်း | - | ၂၀၂၀ ပြည့်နှစ်၊ မတ်လ |
| အုပ်ရေ | - | ၃၀၀၀၀ |
| ဖြန့်ချိရေး | - | အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး |
| မျက်နှာဖုံး | - | အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး |


*This document is a translation of Education for Justice (E4J) modules, developed by UNODC/E4J initiative. The original modules can be found here: https://www.unodc.org/e4j/en/tertiary/index.html*

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏
# ကျေးဇူးတင်လွှာ

၁။ ကော်မရှင်သည် အများပြည်သူတို့၏ဘဝများ သာယာဝပြောလာစေရန်အတွက် နိုင်ငံတစ်ဝန်း အဂတိလိုက်စားမှုများကို အများပြည်သူတို့နှင့်အတူ လက်တွဲ၍ တွန်းလှန်တိုက်ဖျက်လျက်ရှိပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရာတွင် အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းစစ်ဆေး အရေးယူဆောင်ရွက်ခြင်းဟူသည့် နည်းလမ်းသုံးသွယ်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ ဆောင်ရွက်ရာတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ ပုဒ်မ ၁၆ ပုဒ်မခွဲ (ည) အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်ခန်းစာများအား အခြေခံပညာမူလတန်းအဆင့်မှ စတင်သင်ကြားနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြုစုခဲ့သော ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ် မူလတန်းအဆင့် (ဆရာကိုင်) စာအုပ်များကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလတွင်လည်းကောင်း၊ အလယ်တန်းအဆင့် (ဆရာကိုင်) စာအုပ်များကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင်လည်းကောင်း ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး အထက်တန်းအဆင့် (ရည်ညွှန်း) စာအုပ်ကိုလည်း ပြုစုဆောင်ရွက်လျက်ရှိပါသည်။

၃။ တက္ကသိုလ်အဆင့် ကျောင်းသား၊ ကျောင်းသူများ၊ ပြည်သူ့ဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို စိတ်ပါဝင်စားသူများ ဖတ်ရှုလေ့လာနိုင်ရေးအတွက် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (United Nations Office on Drugs and Crime – UNODC) ၏ Education for Justice(E4J) Initiative ၊ University Module Series မှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေခဲ့သော Anti-Corruption Module များနှင့် ၂၀၁၈ ခုနှစ်၊ မတ်လတွင် ထုတ်ဝေခဲ့သော Integrity and Ethics Module များကို ဆက်လက်ဘာသာပြန်ဆို ပြုစုခဲ့ပါသည်။ ယခုစာစောင်သည် UNODC ၏ University Module Series မှ အဓိကကျသော အကြောင်းအရာများကို အလွယ်တကူ အဆင်ပြေစွာ လေ့လာနိုင်ရေးအတွက် မြန်မာဘာသာသို့ ဘာသာပြန်ဆိုထားသည့်အပြင် စိတ်ပါဝင်စားသူများအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် လေ့လာနိုင်ရန်အတွက် မူရင်းအင်္ဂလိပ်ဘာသာဖြင့် ရေးသားချက် အပြည့်အစုံကိုလည်း Module အလိုက် တစ်ဆက်တည်း ထည့်သွင်းပြုစုထားပါသည်။

၄။ Education for Justice(E4J) Initiative၊ University Module Series သည် ၂၀၁၅ ခုနှစ်တွင် ကာတာနိုင်ငံ၊ ဒိုဟာမြို့၌ ကျင်းပခဲ့သည့် ကုလသမဂ္ဂ၏ ပြစ်မှုတားဆီးကာကွယ်ရေးနှင့် ပြစ်မှုတရားစီရင်ရေးဆိုင်ရာ (၁၃) ကြိမ်မြောက် ညီလာခံတွင် အတည်ပြုခဲ့သည့် ဒိုဟာ

ထုတ်ပြန်ကြေညာချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာ အစီအစဉ်တစ်ခုအနေဖြင့် ကမ္ဘာတစ်လွှားမှ တက္ကသိုလ်အဆင့် ကျွမ်းကျင်ပညာရှင်များက ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးပြီး နိုင်ငံများ၏ လက်ရှိပကတိ ဖြစ်ပေါ်နေမှုအပေါ် လေ့လာသုံးသပ်၍ စနစ်တကျ ရေးသားပြုစုထားသော စာစောင်ဖြစ်ပါသည်။

၅။ လူ့အဖွဲ့အစည်းတစ်ရပ်လုံးသည် ဖြောင့်မတ်တည်ကြည်မှုကို ကိုယ်ပိုင်အသိတရားဖြင့် တန်ဖိုးထားအပ်ပြီး လက်တွေ့လိုက်နာ ကျင့်ကြံအားထုတ်တတ်စေရန်၊ အခြေခံ စည်းကမ်းမူဘောင်များနှင့် ကျင့်ဝတ်များကိုလိုက်နာခြင်းဖြင့် လူ့ဘောင်အဖွဲ့အစည်းအတွက် အကျိုးပြုသူများဖြစ်လာစေရန်၊ မိမိတို့ လူ့အဖွဲ့အစည်းအပေါ် မှန်ကန်ကောင်းမွန်သော အတွေးအမြင်များ ရရှိစေရန်၊ လူတိုင်းသည် မိမိတို့၏ လုပ်ဆောင်မှုတိုင်းအတွက် တာဝန်ယူမှုရှိစေရန်နှင့် ပြည်သူ့ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများအတွင်း အများပြည်သူဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှု Public Integrity ဖွံ့ဖြိုးတိုးတက်လာစေရန်အပြင် နိုင်ငံတစ်ဝန်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးရန်တို့အတွက် ဤစာစောင်ကို လေ့လာအသုံးပြုသွားရန် ရည်ရွယ်ပါသည်။

၆။ တက္ကသိုလ်အဆင့် ကျောင်းသား၊ ကျောင်းသူများမှစတင်၍ အများပြည်သူ လွယ်ကူစွာ အသုံးပြုနိုင်ရေးအတွက် Education for Justice (E4J) Initiative၏ University Module Series ကို ဘာသာပြန်ဆိုခွင့်နှင့် အခမဲ့ထုတ်ဝေဖြန့်ချိခွင့်ပြုသော UNODC ၊ ဘာသာပြန်ဆိုတည်းဖြတ်ပေးရန် ပူးပေါင်းကူညီ ဆောင်ရွက်ပေးပါသော ပညာရေးဝန်ကြီးဌာန၊ စာစောင်များဖြစ်မြောက်လာရန် လိုအပ်ချက်များကို စိတ်ရှည်လက်ရှည်ဖြင့် မြန်မာဘာသာပြန်ဆို တည်းဖြတ်ပေးသော ရန်ကုန်တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာနမှ ပါမောက္ခ (ဌာနမှူး) (ငြိမ်း) ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တက္ကသိုလ် သမိုင်းဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာမိုမိုသန့်၊ မန္တလေးတက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ ဒေါက်တာသီတာအောင်၊ စာစောင်များကို ပုံနှိပ်ထုတ်ဝေပေးသော အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ United States Agency for International Development- USAID (တရားဥပဒေစိုးမိုးမှု မြှင့်တင်ရေးအစီအစဉ်-မြန်မာ၊ Promoting the Rule of Law in Myanmar- PRLM) တို့အား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

၂၀၂၀ ပြည့်နှစ်၊ မတ်လ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | **အခန်း(၅) ကျင့်ဝတ်၊ မတူကွဲပြားမှု၊ ဗဟုဝါဒ** | |
| | - နိဒါန်း | ၁ |
| | - သင်ယူခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများ | ၂ |
| | - ဆွေးနွေးသွားမည့် အဓိကအကြောင်းအရာများ | ၂ |
| ၂။ | **Module 5: Ethics, Diversity and Pluralism** | |
| | - Introduction | ၁၃ |
| | - Learning outcomes | ၁၃ |
| | - Key issues | ၁၄ |
| | - References | ၂၂ |
| | - Exercises | ၂၃ |
| | - Possible class structure | ၂၆ |
| | • Ethics, Diversity and Pluralism (60 minutes) | |
| | • Diversity, heritage and identity (20 minutes) | |
| | • Ethical role models and their relevance (60 minutes) | |
| | • Model United Nations or Intersectional Constitution exercise (30 minutes) | |
| | • Summary (10 minutes) | |
| | - Core reading | ၃၁ |
| | - Advanced reading | ၃၂ |
| | - Student assessment | ၃၃ |
| | - Additional teaching tools | ၃၄ |
| | • PowerPoint presentation | |
| | • Video materials | |
| | - Guidelines to develop a stand-alone course | ၃၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၃။ **အခန်း (၆) ကျင့်ဝတ်နှင့်အညီ နေထိုင်ရေးဆိုင်ရာစိန်ခေါ်မှု**

- နိဒါန်း ၃၇
- သင်ယူခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများ ၃၈
- ဆွေးနွေးသွားမည့် အဓိကအကြောင်းအရာများ ၃၈
- ကျင့်ဝတ်နှင့်အညီ နေထိုင်ခြင်းဆိုင်ရာ စိန်ခေါ်မှုများ ၄၀
- ရွေးချယ်အာရုံစူးစိုက်မှုနှင့် စိတ်ပိုင်းဆိုင်ရာ ဝေးကွာမှု ၄၄
- ထုံးတမ်းများနှင့် ကိုက်ညီမှု၊ လိုက်နာမှုနှင့် စောင့်ကြည့်သူများအပေါ် အကျိုးသက်ရောက်မှု ၄၇
- အခြေအနေအကျိုးပေးဝါဒ ၅၁
- မရိုးဖြောင့်မှု ၅၄
- နိဂုံးချုပ် မှတ်ချက် ၅၆

၄။ **Module 6: Challenges to Ethical Living**

- Introduction ၅၈
- Learning outcomes ၅၉
- Key issues ၅၉
- The challenge of living ethically ၆၁
- Selective attention and psychological distance ၆၄
- Conformity, obedience, and the bystander effect ၆၆
- Situationism ၇၀
- Dishonesty ၇၂
- Concluding remarks ၇၃
- References ၇၄
- Exercises ၇၆
- Possible class structure ၈၈
  - Introduction (10 minutes)

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | • Exercise 1(20 minutes) | |
| | • Exercise 2 (30 minutes) | |
| | • Exercise 3 (45 minutes) | |
| | • Exercise 4 or 5 (60 minutes) | |
| | • Conclusion (15 minutes) | |
| | - Core reading | ၉၁ |
| | - Advanced reading | ၉၃ |
| | - Student assessment | ၉၄ |
| | - Additional teaching tools | ၉၆ |
| | • PowerPoint presentation | |
| | • Video materials | |
| | • Documentaries and movies | |
| | - Guidelines to develop a stand-alone course | ၉၈ |
| ၅။ | **အခန်း (၇) ကျင့်ဝတ်ဆိုင်ရာအပြုအမူအတွက် မဟာဗျူဟာမြောက်နည်းလမ်းများ** | |
| | - နိဒါန်း | ၁၀၃ |
| | - သင်ယူခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများ | ၁၀၄ |
| | - ဆွေးနွေးသွားမည့် အဓိကအကြောင်းအရာများ | ၁၀၄ |
| | - အဖွဲ့အစည်းဆိုင်ရာအဆင့်သတ်မှတ်ချက် - ကောင်းမွန်သော ပတ်ဝန်းကျင် ဖန်တီးခြင်း | ၁၀၅ |
| | - တစ်ဦးချင်းအဆင့် - ကျင့်ဝတ်နှင့်ညီသောအပြုအမူအတွက် အရည်အသွေးများ ပြုစုပျိုးထောင်ခြင်း | ၁၁၀ |
| | - တန်ဖိုးထားမှုများအား ထုတ်ဖော်ပြောကြားခြင်း (GVV) | ၁၁၀ |
| | - အတွေ့အကြုံကို အခြေခံသည့် သင်ယူခြင်း သို့မဟုတ် ပြဿနာကို ဖြေရှင်းသည့် ချဉ်းကပ်နည်းလမ်းများ | ၁၁၉ |
| | - တက္ကသိုလ်အဆင့် လက်တွေ့ပညာရေး | ၁၂၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆။ | **Module 7: Strategies for Ethical Action** | |
| | - Introduction | ၁၂၄ |
| | - Learning outcomes | ၁၂၄ |
| | - Key issues | ၁၂၅ |
| | - Organizational level: creating enabling environments | ၁၂၆ |
| | - The individual level: building skills for ethical action | ၁၃၀ |
| | - Giving Voice to Values (GVV) | ၁၃၀ |
| | - Experiential learning or problem-solving approaches | ၁၃၆ |
| | - University clinical education | ၁၃၈ |
| | - References | ၁၄၀ |
| | - Exercises | ၁၄၁ |
| | - Possible class structure | ၁၅၀ |
| | • Introduction (10 minutes) | |
| | • Enabling environments (50 minutes) | |
| | • Giving Voice to Values (GVV) (60 minutes) | |
| | • Strategies for Acting Ethically (50 minutes) | |
| | • Conclusion (10 minutes) | |
| | - Core reading | ၁၅၁ |
| | - Advanced reading | ၁၅၂ |
| | - Student assessment | ၁၅၃ |
| | - Additional teaching tools | ၁၅၅ |
| | • PowerPoint presentation | |
| | • Video materials | |
| | • Other resources | |
| | - Guidelines to develop a stand-alone course | ၁၅၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၇။ **အခန်း (၈) အပြုအမူနှင့်ဆိုင်သော ကျင့်ဝတ်**

- နိဒါန်း ၁၅၈
- သင်ယူခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများ ၁၅၈
- ဆွေးနွေးသွားမည့် အဓိကအကြောင်းအရာများ ၁၅၉

၈။ **Module 8: Behavioral Ethics**

- Introduction ၁၆၉
- Learning outcomes ၁၆၉
- Key issues ၁၇၀
- References ၁၇၇
- Exercises ၁၇၈
- Possible class structure ၁၈၅
    - Class overview (10 minutes)
    - Four myths about morality (45 minutes)
    - Ethics as a design problem (15 minutes)
    - Ethics, by design (25 minutes)
    - Turning principles into practice (20 minutes)
    - Case study: your ethical beacon (30 minutes)
    - Designing a more ethical organization (30 minutes)
    - Conclusion (5 minutes)
- Core reading ၁၈၉
- Advanced reading ၁၈၉
- Student assessment ၁၉၁
- Additional teaching tools ၁၉၁
    - PowerPoint presentation
    - Video material
- Guidelines to develop a stand-alone course ၁၉၂

၉။ Vocabulary




# အခန်း (၅)

## ကျင့်ဝတ်၊ မတူကွဲပြားမှု၊ ဗဟုဝါဒ

၂၀၂၀ မတ် လ

ACC Myanmar

**နိဒါန်း**

၁။ ဤအခန်းတွင် မတူကွဲပြားမှု၊ လက်သင့်ခံနိုင်မှု၊ ဗဟုဝါဒ သဘောတရားများကို စူးစမ်းထားပါသည်။ မတူကွဲပြားမှုကိုလက်ခံရာတွင် ခက်ခဲနိုင်သည့်နည်းလမ်းများကို ဆန်းစစ်ထားပါသည်။ သို့ရာတွင် ကျင့်ဝတ်နှင့်ညီသော အပြုအမူဆိုင်ရာ စိတ်ကူးစိတ်သန်းများ၊ နမူနာများဖြင့် မတူကွဲပြားမှုကို နားလည်နိုင်စေရန် အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် နည်းလမ်းများကိုလည်းဆန်းစစ်ထားပါသည်။ လူမျိုး၊ ဘာသာရေးယုံကြည်မှု၊ လိင်စိတ်ကိုင်းညွတ်မှု၊ မသန်စွမ်းမှု၊ နိုင်ငံရေးအမြင်နှင့် အခြားကွဲပြားမှုများစသည့် အရေးကိစ္စများ ပါဝင်ပတ်သက်နေသော ကျင့်ဝတ်ပိုင်းဆိုင်ရာစိန်ခေါ်မှုများကို ကိုင်တွယ်ရန်ရွေးချယ်စရာများ၊ ချဉ်းကပ်ပုံနည်းလမ်းများကို ဤအခန်းက ပေးအပ်ထားပါသည်။ လက်သင့်ခံနိုင်မှု၊ ဗဟုဝါဒတို့၌ ခိုင်လုံထင်ရှားသော သမိုင်းဝင် လူမှုရေးစနစ်များ၊ ဖြေရှင်းရခက်သော အခြေအနေတွင် မတူကွဲပြားမှု၊ လက်သင့်ခံမှုတို့ဆိုင်ရာ စံနမူနာပြရာ၌ ခေါင်းဆောင်မှုကိုပေးခဲ့သည့် သမိုင်းဝင် စံပြပုဂ္ဂိုလ်များ၏ အတွေးအခေါ်များကိုဆွေးနွေးခြင်းဖြင့် သက်ဆိုင်ရာသဘောတရားများအား နားလည်နိုင်မည်ဖြစ်သည်။ အကျင့်သိက္ခာပိုင်းဆိုင်ရာအကြပ်အတည်းကို ဖြေရှင်းနည်းမှာ မပြတ်မသားဖြစ်နေပြီး ကျင့်ဝတ်ပိုင်းကျိုးကြောင်းဆင်ခြင်မှု၏ တိကျသောပုံစံများ လိုအပ်နေသည်ကို ဤအခန်းက ဆွေးနွေးထားပါသည်။ လူတစ်ဦးတစ်ယောက်ချင်းနှင့် ဘေးဖယ်ခံထားရသော အုပ်စုများအပေါ် ဘက်မလိုက်မျှတမှုအခြေအနေကို သာမကဘဲ လူ့ဘောင်တစ်ခုလုံးကို တိုးတက်ကောင်းမွန်စေရန် ဤဆွေးနွေးချက်က မတူကွဲပြားမှု၏ အရေးကြီးပုံကို အလေးထား လေ့လာစူးစမ်း ဖော်ထုတ်ထားပါသည်။ မတူကွဲပြားမှုကို သတိထားအပ်သည့် စိတ်ကူးယဉ်အခြေအနေများ၊ လက်တွေ့ဘဝ ထိရှလွယ်သော အခြေအနေများ၌ ပူးပေါင်းဆောင်ရွက်မှုရှိသော ဆုံးဖြတ်ချက်ချခြင်းကို အားပေးရန် ပို့ချချက်ငယ်၊ ဆွေးနွေးချက်၊ စကားစစ်ထိုးမှု၊ သရုပ်တူလုပ်ဆောင်ခြင်းတို့အပါအဝင် သင်ကြားနည်းစနစ်အမျိုးမျိုးဖြင့် စာသင်သားများစိတ်ဝင်တစား အာရုံစိုက်နိုင်အောင် ဖန်တီးထားပါသည်။

၂။ ဤအခန်းသည် ဆရာလမ်းညွှန်စာအုပ်အဖြစ် ပြုစုထားခြင်းဖြစ်ပြီး (၃) နာရီ သင်တန်းတစ်ခုအတွက် ပြုစုထားခြင်းဖြစ်သော်လည်း ထိုထက်ပို၍သော်လည်းကောင်း၊ လျော့၍သော်လည်းကောင်း ပို့ချပေးနိုင်မည်ဖြစ်သည်။ သီးခြားသင်ရိုးတစ်ခုအဖြစ်လည်း သင်ကြားနိုင်ပါသည်။ (/e4j/integrity-ethics/module-5/guidelines-stand-alone-course.html ကို ကြည့်ပါ။)

၃။ သင်ယူခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများ

- မတူကွဲပြားမှု၊ လက်သင့်ခံမှု၊ ဗဟုဝါဒတို့ကို နားလည်သဘောပေါက်ပြီး အနက်ဖွင့်ဆိုနိုင်ခြင်း၊
- မိမိနှင့်မဆိုင်သော ယဉ်ကျေးမှု အစဉ်အလာ၊ သရုပ်လက္ခဏာများ၊ သမိုင်းကြောင်းများ၏ တန်ဖိုးနှင့်မိမိအမြင်ထက် အခြားသူများ၏အမြင်တို့ကို သတိမူလာစေခြင်း၊
- လက်သင့်ခံမှု၊ ဗဟုဝါဒ တန်ဖိုးထားမှုများအား မြှင့်တင်ဖော်ဆောင်နိုင်ခဲ့သည့် အကျင့်သိက္ခာပိုင်းဆိုင်ရာစံပြပုဂ္ဂိုလ်များ၏ နမူနာများ ရရှိလာစေခြင်း၊
- ကဏ္ဍအလိုက် အပြန်အလှန်ဆက်ဆံမှု (intersectionality) ၊ သရုပ်လက္ခဏာ၊ ယဉ်ကျေးမှု မူကွဲများ စသည့် မတူကွဲပြားမှု၏ နက်နဲသော သွင်ပြင်လက္ခဏာများကို ပဏာမ နားလည်သဘောပေါက်ခြင်းကို ပြသနိုင်ခြင်း။

**ဆွေးနွေးသွားမည့် အဓိကအကြောင်းအရာများ**

၄။ အထူးသဖြင့် မတူကွဲပြားမှု၊ လက်သင့်ခံမှု၊ ဗဟုဝါဒတို့မှာ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ လူမျိုး၊ နိုင်ငံသားဖြစ်မှု၊ ဘာသာရေးယုံကြည်မှု၊ ကျား-မဖြစ်တည်မှု၊ မသန်စွမ်းမှု၊ လိင်စိတ်ကိုင်းညွတ်မှုတို့နှင့်ဆက်စပ်နေပေရာ ထိုအကြောင်းအရာတို့ကို လေ့လာခြင်းသည် ကျင့်ဝတ်ပညာရေး၏ အဓိကကျသော ပညာရပ်နယ်ပယ်ဖြစ်သည်။ အဓိကကျသော ပြဿနာရပ်များဖြစ်သည့် ခွဲခြားဆက်ဆံမှု၊ ကိုယ်စားမပြုမှု၊ မှားယွင်းစွာဖော်ပြမှု၊ မိမိ၏ယဉ်ကျေးမှုကိုသာ ဗဟိုပြုစံထားမှုတို့ကဲ့သို့သော အရေးကိစ္စများမှာ ဘက်မလိုက်မှု၊ တရားမျှတမှု၊ စိတ်တူသဘောတူဖြစ်မှု၊ တန်းတူညီမျှမှု၊ အခြားကျင့်ဝတ်ပိုင်းဆိုင်ရာ အလေးထားအပ်သောကိစ္စများနှင့် ဆက်စပ်နေသောကြောင့်ဖြစ်သည်။ မတူကွဲပြားမှု၊ လက်သင့်ခံမှု၊ ဗဟုဝါဒတို့ကို လေ့လာခြင်းက နောက်ခံအမျိုးမျိုး၊ ဘဝပေါင်းစုံမှ လူတို့၏အမြင်များ၊ လူမှုရေးအခြေအနေများကို နားလည်မှု ပိုရလာနိုင်စေရုံသာမကဘဲ လူထုဆက်သွယ်ရေး နည်းလမ်းများ၊ ဒေသစွဲဘက်လိုက်မှု၊ ပတ်ဝန်းကျင်တွင် အသားကျနေမှု၊ ပထမဆုံးကြုံရသည့် အတွေ့အကြုံတို့မှ ရရှိလာသည့် "(ကွဲပြားခြားနားမှု)" အပေါ် သမားရိုးကျ အတွေးအမြင်များအပါအဝင် ကျွန်ုပ်တို့၏ ယူဆချက်များကို ချင့်ချိန်အကဲဖြတ်ရန် လိုအပ်မှုအား နိုးကြားသတိရှိလာစေပါသည်။

၅။ ဖြောင့်မတ်တည်ကြည်မှုနှင့်ကျင့်ဝတ် တက္ကသိုလ်အဆင့်ရည်ညွှန်းစာစောင် (၁)၊ အခန်း(၁) တွင် ဖော်ပြခဲ့သည့်အတိုင်း ကျင့်ဝတ်ဆိုသည်မှာ "လူသားတန်ဖိုးထားမှုများ၏ သဘာဝ၊ ကျွန်ုပ်တို့မည်သို့ နေထိုင်သင့်သည်၊ မှန်ကန်သောလုပ်ဆောင်ချက်မှာ မည်သည့်အရာများ

ပါဝင်သည်တို့အား နားလည်သဘောပေါက်ရန် အားထုတ်မှု”ကို ဆိုလိုပါသည် (/e4j/en/integrity–ethics/module–1/index.html)။ ကျင့်ဝတ်အတွက် အဘိဓာန်ဖွင့်ဆိုချက်မှာ “အကျင့်သိက္ခာ လေ့လာချက် သို့မဟုတ် အကျင့်သိက္ခာဆိုင်ရာပညာရပ်” ဟု ဖြစ်ပါသည်။ အကျင့်သိက္ခာကို “အမှန်၊ အမှား အသိစိတ်”ဟု ဖွင့်ဆိုထားပြီး အကျင့်သိက္ခာရှိခြင်းကို “အကောင်းနှင့်အဆိုး၊ အမှန်နှင့် အမှား တို့နှင့်ဆက်စပ်နေသည့် အခြေခံမူများ ပိုင်ဆိုင်မှု သို့မဟုတ် ဆက်စပ်မှု” အဖြစ် ဖွင့်ဆိုထားပါသည်။ သို့ဖြစ်ပေရာ အကျယ်ပြန့်ဆုံးပြောရလျှင် ကျင့်ဝတ်သည် “နေထိုင်မှုလမ်းစဉ်” ပင် ဖြစ်ပါသည်။ သို့ရာတွင် ပညာရှင်အဆင့်တွင် ကျင့်ဝတ်သည် သီးခြားပညာရှင်များက စည်းမျဉ်း ဥပဒေ၊ မူဝါဒ၊ အကောင်းဆုံး ကျင့်ထုံး၊ လမ်းညွှန်နှင့် အခြားအလားတူ စာတမ်းများဖြင့် ဖော်ထုတ်ရေးသားထားသည်များအတွင်းမှ “အကျင့်သိက္ခာပိုင်း ကျိုးကြောင်းဆင်ခြင်မှုနည်းလမ်း” ဖြစ်ပါသည်။ ထို့အပြင် ကျင့်ဝတ်သည် အကျင့်သိက္ခာပိုင်း ကျိုးကြောင်းဆင်ခြင်မှုကို အထူးအလေးထားသည့် ဒဿနိကဗေဒ ဘာသာရပ်ခွဲ တစ်ခုအဖြစ် ဖော်ပြသော ပညာရပ်ဆိုင်ရာ ဝေါဟာရလည်းဖြစ်ပါသည်။ အဆုံးသတ်အနေဖြင့် ဆိုရလျှင် အဆိုပါဝေါဟာရအား အများသုံး အနက်အဓိပ္ပါယ်အဖြစ်လည်းကောင်း၊ ယဉ်ကျေးမှု အများအပြားတွင်လည်းကောင်း “ကျင့်ဝတ်” ဆိုသည်မှာ ကောင်းမြတ်သော အကျင့်သီလ ဖြစ်ပြီး ဖြောင့်မတ်တည်ကြည်မှု၊ စရိုက်၊ ရိုးသားဖြောင့်မတ်မှုစသည့် စကားရပ်များ၏ ကြောင်းတူ သံကွဲများဟု ဆိုလိုရာရောက်ပေသည် (chambers, 1999)။

၆။ မတူကွဲပြားခြင်းဟူသည် အင်္ဂလိပ်စကားလုံးဖြစ်သည့် (diverse) (အမျိုးမျိုးသော ကွဲပြားခြားနားခြင်းဟူသည့်) ဝေါဟာရတွင် မြစ်ဖျားခံပြီး ကွဲပြားခြားနားမှုများရှိသည့် အခြေအနေကိုဆိုလိုပါသည်။ ယဉ်ကျေးမှုများအား လေ့လာရာတွင် မတူကွဲပြားမှုသည် လူမျိုး အသီးသီး၊ လိင်စိတ်ကိုင်းညွတ်မှု၊ ဘာသာတရားများ၊ ကျား–မဖြစ်တည်မှုများအား သက်တံ့ တစ်ခုအတွင်းမှ အရေးကြီးသော အရောင်အသွေးတစ်ခုစီအဖြစ် အလေးထား ဂုဏ်ပြုမှုနှင့် သက်ဆိုင်သည်။ များမကြာသေးမီက ဆိုလျှင် မတူကွဲပြားမှုသည် အထက်ဖော်ပြပါ အုပ်စု အားလုံး၏ တန်းတူညီမျှမှု၊ အခွင့်အရေးရရှိမှုတို့အတွက် ရပ်တည်ကာကွယ်ပေးရေးဟူသော အနက်အဓိပ္ပာယ်ပါ တိုးလာသကဲ့သို့ အားလုံးအကျုံးဝင်မှုနှင့်လည်း မကြာခဏ ချိတ်ဆက်လာပါသည်။ “မတူကွဲပြားမှုနှင့် အားလုံးအကျုံးဝင်မှု” ဟူသော စကားစုမှာကွဲပြားမှု၏ အရေးပါမှု သာမက နောက်ခံအကြောင်းတစ်ခုစီ၊ အုပ်စုတစ်ခုစီ အနေဖြင့် မိမိတို့လည်း ဘေးဖယ်ခြင်း မခံရဘဲ ပါဝင်နေသည်ဟု ခံစားရအောင် ဆောင်ရွက်ပေးရန်လိုအပ်မှုကိုပါ အလေးထားခြင်း

ပင်ဖြစ်ပါသည်။ လူမှုဗေဒပညာ သို့မဟုတ် လူမှုအဖွဲ့အစည်းများ၏ လေ့လာချက်တွင် မတူကွဲပြားမှုဆိုသည်မှာ လူမျိုး၊ နိုင်ငံသားဖြစ်မှု၊ ဇာတိမျိုးနွယ်၊ ကျား–မဖြစ်တည်မှု၊ လိင်စိတ်ကိုင်းညွတ်မှု၊ ဘာသာရေးယုံကြည်မှုတို့နှင့်စပ်လျဉ်းပြီး အုပ်စုအချင်းချင်းကြားမှ ဆက်ဆံရေးအမျိုးမျိုးကို ဆိုလိုပါသည်။ လူမှုဗေဒပညာရှင်များသည် မတူကွဲပြားမှုများကို ပိုမိုဆိုးရွားစေသည့်၊ လူ့အခြေအနေတွင် ကောင်းကျိုးထက် ဆိုးကျိုးများဖြစ်စေသည့် ဘက်လိုက်မှုနှင့် ခွဲခြားဆက်ဆံမှုပုံစံများကို မကြာခဏ စိတ်ဝင်စားလေ့ရှိကြသည်။

၇။ လက်သင့်ခံမှုဆိုသည်မှာ ကွဲပြားခြားနားမှုများကို အသိအမှတ်ပြုကာ ထိုသို့သော ကွဲပြားခြားနားမှုများကို လူ့ဘောင်တွင် ခွင့်ပြုသင့်သည်ဟူသော အယူအဆကို ဆိုလိုပါသည်။ သမိုင်းတစ်လျှောက်လုံးတွင် လူမှုအဖွဲ့အစည်းများက လက်သင့်ခံမှုပုံစံအမျိုးမျိုးကို ကျင့်သုံးခဲ့ကြဖူးပါသည်။ ဥပမာအားဖြင့် ရှေးဦးပိုင်း မွတ်စလင် အင်ပါယာနိုင်ငံများက ခရစ်ယာန်၊ ရဟူဒီတို့အား ယင်းတို့၏ ကိုယ်ပိုင်ဥပဒေရေးရာစနစ်များ၊ လူမှုရေးအစီအမံများဖြင့် မူစလင်များကြားတွင် နေထိုင်နိုင်သည့် နေရာများကို ဖန်တီးပေးခဲ့ပါသည်။ သို့သော် တရားဝင် အခြေခံမူသဘောတရားအဖြစ် လက်သင့်ခံမှုအယူအဆမှာ လွတ်လပ်ခြင်းဟူသော လစ်ဘရယ် အစဉ်အလာမှ ပေါ်ထွက်လာပါသည်။ အင်္ဂလိပ်လူမျိုး နိုင်ငံရေးဒဿနိကဗေဒဆရာ ဂျွန်လော့(ခ်) (John Locke) (၁၆၃၂–၁၇၀၄) က (၁၇) ရာစု အနှောင်းပိုင်းနှင့် (၁၈) ရာစု အဦးပိုင်း၌ ရေးခဲ့သော စာများတွင် လက်သင့်ခံခြင်း သဘောကို ရှင်းရှင်းလင်းလင်း ဖော်ပြခဲ့ပါသည်။ အဆိုပါစာများတွင် လော့(ခ်)က ဘာသာရေး ယုံကြည်မှု၊ ကျင့်သုံးမှုမှ ကွဲပြားခြားနားမှုများအား လက်သင့်ခံရေးအတွက် စောဒကတက်ခဲ့ပါသည်။ အဆိုပါကွဲပြားမှုများမှာ (၁၇) ရာစု မှ ဗြိတိသျှပြည်တွင်းစစ်၏ အရေးကြီးသော အကြောင်းတရားဖြစ်ခဲ့လေသည်။

၈။ နောက်ဆုံးအနေဖြင့် ဗဟုဝါဒဟူသောဝေါဟာရသည် လူမှုရေးအခင်းအကျင်းတစ်ရပ်မှ မတူကွဲပြားခြားနားမှုများအား ကျေနပ်စွာလက်ခံခြင်းမဟုတ်ဘဲ ထိုသို့သော ကွဲပြားခြားနားမှုများက လူမှုစနစ်ကို တိုးတက်ကောင်းမွန်လာစေလိမ့်မည်ဟု အသိအမှတ်ပြုခြင်းလည်းဖြစ်သည်။ ဗဟုအစီအမံဆိုသည်မှာ အုပ်စုပေါင်းစုံက လူမှုရေးစနစ်ကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ပေးမည့် အစီအမံဖြစ်ပါသည်။ ဗဟုဝါဒသည် ဒီမိုကရေစီနှင့် ဆက်စပ်နေလေ့ရှိပါသည်။ အကြောင်းမှာ လူမှုရေး၊ နိုင်ငံရေးကိစ္စများတွင် မတူကွဲပြားခြင်းအား တရားဝင်လာစေခြင်းသည် ဒီမိုကရေစီစနစ်၏ ပကတိအခြေအနေ ဖြစ်နေသောကြောင့်ဖြစ်သည်။ ဒီမိုကရေစီစနစ်သည် တူညီသောစိတ်ဝင်စားမှုရှိသည့် အုပ်စုများအား ဥပဒေပြုသူများနှင့် ဆက်သွယ်နိုင်

စွမ်းကို ပေးအပ်ထားသည်။ ၎င်းတို့၏ အမြင်အမျိုးမျိုးကို အောင်မြင်သော လူမှုရေး၊ နိုင်ငံရေး အစီအမံထဲတွင် ထည့်သွင်းခွင့်ပြုသည့်နည်းဖြင့် ဆောင်ရွက်ခွင့်ပေးထားပါသည်။

၉။ ဗဟုဝါဒ၏ နောက်ထပ်စကားရပ်မှာ လက်ခံမှုပင်ဖြစ်သည်။ အကျယ်ပြန့်ဆုံး အဆင့်တွင် ဤသဘောတရားမှာ ပတ်ဝန်းကျင်အနေအထား၊ ပြည်သူ၊ အခြေအနေ၊ သဘောထားတို့နှင့် သက်ဆိုင်ပါသည်။ သို့ရာတွင် ကျင့်ဝတ်၊ မတူကွဲပြားမှုဟူသော အယူအဆအရ လက်ခံမှုဟူသည်မှာ လူသားများ၏ အကြောင်းခြင်းရာများကို အသက်၊ လူနေမှုပုံစံ၊ ကျား-မဖြစ်တည်မှု၊ လိင်စိတ်ကိုင်းညွတ်မှု၊ လူမျိုး၊ အရည်အသွေး၊ ဘာသာရေးနှင့်အခြားသော အကြောင်းအရာများအလိုက် ကွဲပြားခြားနားမှုများကို ရပ်တည်ကာကွယ်ပေးခြင်းမဟုတ်လျှင်ပင် ကြိုဆိုလက်ခံနိုင်သည့် အရည်အချင်းကိုဆိုလိုသည်။ အချို့သောအခြေအနေများတွင် "လက်ခံမှု" သည် ပို၍မြင့်မားသော အာဏာ သို့မဟုတ် သီးခြားလူနေမှုပုံစံနှင့် ၎င်း၏ စည်းမျဉ်းများကို စွန့်လွှတ်ခြင်း သို့မဟုတ် အရှုံးပေးခြင်းနှင့် သက်ဆိုင်သည်။

၁၀။ သမိုင်းတစ်လျှောက်လုံးတွင် ကျင့်ဝတ်ပိုင်း၊ ဘာသာရေးပိုင်း ရိုးရာအစဉ်အလာများက မိမိတို့၏ လူ့ဘောင်အတွင်း ရှိနေသည့် ကွဲပြားခြားနားမှုများကို ညှိနှိုင်းယူရန် အားထုတ်ခဲ့ကြဖူးပါသည်။ နယ်မြေများကို သိမ်းပိုက်စိုးမိုးပြီးနောက် ဘာသာရေး သက်ဝင်ယုံကြည်မှုအမျိုးမျိုးကို ရောနှောပေါင်းစပ်ရန်အားထုတ်ခဲ့ကြသည့် နယ်ချဲ့စနစ်သည် သက်ဝင်ယုံကြည်မှုများ၊ ကွဲပြားခြားနားမှုများကို ကိုင်တွယ်ခဲ့သည့် အစောဆုံး သက်သေအထောက်အထားပင်ဖြစ်သည်။ ယင်းအတွက်အကောင်းဆုံး ဥပမာတစ်ခုကို ရှေးဟောင်းပါရှန်အင်ပါယာကို အုပ်စိုးခဲ့သော မဟာဆိုင်းရပ်(စ်) (Cyrus) မင်း (၆၀၀-၅၃၀ ဘီစီ) ထံမှ ရရှိပါသည်။ မျက်မှောက်ခေတ် အရှေ့အလယ်ပိုင်းမှသည် အာရှအလယ်ပိုင်းအထိကျယ်ပြောလှသော အင်ပါယာကြီးကို ဆိုင်းရပ်(စ်) က အုပ်ချုပ်စိုးစံခဲ့သည်။ အင်အားကြီးမားလာချိန်တွင် ၎င်းတိုက်ခိုက်သိမ်းပိုက်ခဲ့သော လူအမျိုးမျိုးကို မိမိတို့၏ နေရင်းနိုင်ငံသို့ ပြန်ခွင့်ပေးခဲ့သည်။ ထို့မျှမကသေးဘဲ သူ့ခေတ်တွင်သာမက နောက်ပိုင်းခေတ်များတွင်ပါပျက်စီးသွားခဲ့သော သာသနိက အဆောက်အအုံများကို ပြန်လည်တည်ဆောက်ရာတွင် လှူဒါန်းမှုပြုခဲ့သည်။ ဟီးဘရူးကျမ်း (Hebrew) (ရဟူဒီ ဂျူး တို့၏ ကျမ်းစာ) တွင် ဆိုင်းရပ်(စ်)အား ဂျေရုဆလင်မှဘုရားကျောင်း ပြန်လည်တည်ဆောက်ရာတွင် ပါဝင်ခဲ့သည့်အခန်းကဏ္ဍကြောင့် ဘုရားသခင်က စေလွှတ်လိုက်သော ဘုရင် ဟု တင်စားခဲ့သည်မှာ ကျော်ကြားလှပါသည်။

၁၁။ ဗဟုဝါဒကို ခုခံကာကွယ်သူအဖြစ် ဆိုင်းရပ်(စ်)၏ဂုဏ်သတင်းမှာ ဆိုင်းရပ်(စ်) ဆလင်ဒါကျောက်စာ ရှာဖွေတွေ့ရှိခြင်းက ပိုမို အားကောင်းလာစေခဲ့ပါသည်။ အဆိုပါ သေးငယ်သော ဆလင်ဒါကျောက်စာလေးပေါ်တွင် ဘေဘီလုံခေတ် ဧကရာဇ်နိုင်ငံအား ဆိုင်းရပ်(စ်)၏ သိမ်းပိုက်စိုးမိုးမှုကို လည်းကောင်း၊ သူ၏အင်ပါယာတစ်ခုလုံးအတွင်း ဘာသာ၊ လူမျိုးကွဲပြားမှုကို ခွင့်ပြုထားသော သူ၏ဆုံးဖြတ်ချက်ကိုလည်းကောင်း၊ ရှေးကျသော ဘေဘီလုံဘာသာစကားဖြင့် ရေးသားထားပါသည်။ (၁၉) ရာစု နှောင်းပိုင်းတွင် ရှာဖွေတွေ့ရှိခဲ့သော အဆိုပါ ဆလင်ဒါကျောက်စာကို ယခုအခါ ဗြိတိသျှပြတိုက်တွင် ထားရှိထားပါသည်။ မကြာမီနှစ်များက ယင်းအချက်အလက်များကို လူ့အခွင့်အရေးဆိုင်ရာ အစောဆုံးအထောက်အထားအဖြစ် ရည်ညွှန်းကြပါသည်။ ဗြိတိသျှပြတိုက် ညွှန်ကြားရေးမှူး နေး(လ်)မဂ္ဂရီဂါ (Neil MacGregor) ၏ ဖော်ပြချက်အရ ထိုအချက်မှာအတိအကျ မှန်ကန်ခြင်း မဟုတ်ပါ။ ထိုအထောက်အထားတွင် တစ်ဦးချင်းစီ၏အခွင့်အရေးများကို လုံးဝရည်ညွှန်းထားခြင်းမရှိပါ။ ထို့အပြင် ရှေးဟောင်းကမ္ဘာတွင် တစ်ဦးချင်းစီ၏ အခွင့်အရေးဟူသော စိတ်ကူးမျိုးလည်းရှိရန် ခဲယဉ်းသည်ဟု ဆိုခဲ့သည် (၂၀၁၃)။

၁၂။ ယင်းအစား ထိုအထောက်အထားကို ဇာတိမျိုးနွယ်၊ ဘာသာရေး မျိုးစုံကွဲပြားမှုအား ကိုင်တွယ်ဖြေရှင်းသည့် ပထမဆုံးအားထုတ်မှုအဖြစ် ပို၍ နားလည်နိုင်ပါသည်။ ၎င်းသည် လက်သင့်ခံမှုကိုသာမကဘဲ ဗဟုဝါဒကိုပါ ကျင့်သုံးခြင်း ဖြစ်ပါသည်။ ဆိုင်းရပ်(စ်)သည် အုပ်စုများကို ငြိမ်းချမ်းစွာနေခွင့်မပေးခဲ့သော်လည်း ထိုသူများအား မိမိတို့၏ ဘုရားကျောင်းများ ပြန်လည်တည်ထောင်ရန်ကိုမူ တက်တက်ကြွကြွအားပေးခဲ့သည်။ ဆိုင်းရပ်(စ်)၏ သမိုင်းကြောင်းနှင့်ပတ်သက်သည့် သက်သေအထောက်အထားမှာ အကန့်အသတ်နှင့်သာရှိနေသောကြောင့် မည်သည့်အတွက်ကြောင့် ထိုသို့လုပ်ခဲ့သည်ကို မသိနိုင်ပါ။ သို့ရာတွင် ဟီဘရူးကျမ်းနှင့် ဆိုင်းရပ်(စ်)ဆလင်ဒါ ကျောက်စာတွင်ဖော်ပြထားသည့် သူ့လုပ်ရပ်များကမူ သူသည် အစောပိုင်း ဗဟုဝါဒ ပုံစံကို တင်ပြထောက်ခံခဲ့သူတစ်ဦးဖြစ်ကြောင်း ညွှန်ပြနေသည်ကား အမှန်ပင်ဖြစ်ပါသည်။

၁၃။ ကွဲပြားခြားနားမှုအား လူ့ဘောင်က မည်သို့မည်ပုံ တုံ့ပြန်သင့်သည်ဆိုသော အချက်သည် ကျင့်ဝတ်ပိုင်းဆိုင်ရာ စိန်ခေါ်မှုဖြစ်နေခဲ့သည်မှာကြာပြီဖြစ်သည်။ ကျွန်ုပ်တို့တွင်ရှိသည့် သက်သေအထောက်အထားအရ ဆိုင်းရပ်(စ်)က ယင်းကို အတွေးသစ်အမြင်သစ်ဖြင့် ဖန်တီးနိုင်ခဲ့သော်လည်း လူ့အဖွဲ့အစည်းအများစုကမူ ငြိမ်းချမ်းစွာလိုက်နာ ဆောင်ရွက်နိုင်စွမ်းမရှိခဲ့ပါ။ ဥပမာ

အားဖြင့် (၁၇) ရာစု ဗြိတိန်နိုင်ငံတွင် အခြားအကြောင်းအရာများနှင့်အတူ ဘာသာရေး ကွဲပြားမှု ရလဒ်ကြောင့် ပြည်တွင်းစစ် ပေါ်ပေါက်ခဲ့သည်။ ၁၅၃၄ ခုနှစ်တွင် ဂရိတ်ဗြိတိန်နိုင်ငံ၏ အဋ္ဌမမြောက် ဟင်နရီဘုရင် (King Henry) က သူ့အား အင်္ဂလန်ခရစ်ယာန်အသင်းတော်၏ အကြီးအကဲအဖြစ် ကြေညာလိုက်သည့် အက်ဥပဒေကို လက်မှတ်ရေးထိုးလိုက်ပါသည်။ ထို အက်ဥပဒေက ရောမရှိ ပုပ်(ပ်)ရဟန်းမင်းကြီး၏ ဘာသာရေးအခွင့်အာဏာကို ဖယ်ရှားလိုက် ခြင်းဖြစ်၍ အင်္ဂလန်၏ ပရိုတက်စတင့် ခရစ်ယာန်အသင်းတော်ကို ဖန်တီးရန်ဖြစ်စေခဲ့ပါသည်။ ထိုသို့ခွဲထွက်မှု၏ ရှုပ်ထွေးသောအကြောင်းရင်းခံများတွင် ဟင်နရီကသူ့မိဖုရားကို ကွာရှင်းလို သောဆန္ဒလည်း အကြောင်းတစ်ခုအဖြစ်ပါဝင်နေခဲ့ပါသည်။ အကြောင်းရင်းက မည်သို့ပင်ရှိ စေ၊ ဂရိတ်ဗြိတိန်နိုင်ငံမှစုစည်းညီညွတ်သော ခရစ်ယာန်အသင်းတော် ကွဲသွားခြင်းက နောက်ပိုင်း နှစ် (၁၅၀) ခန့်အတွင်း ပဋိပက္ခများကို ဆက်တိုက်ဦးတည်လာစေခဲ့ပြီး နောက်ဆုံးတွင် ပြည်တွင်းစစ်အထိ အရှိန်မြင့်တက်သွားခဲ့ပါသည်။ ယင်းစစ်ပွဲသည် ပုပ်(ပ်)ရဟန်းမင်း၏ အာဏာကိုယုံကြည်သည့် ကက်သလစ်ဘာသာဝင်များနှင့် ခရစ်ယာန်များအပေါ် ဂရိတ်ဗြိတိန် ဧကရာဇ်ကသာ အာဏာပိုင်သင့်သည်ဟု ယုံကြည်သော ပရိုတက်စတင့်များအကြားဖြစ်ပွား ခဲ့ခြင်းဖြစ်သည်။ ထိုသဘောထား ကွဲလွဲမှုတွင် မည်သူက အသင်းတော်ကို ကွပ်ကဲရမည်ဆို ခြင်းနှင့်မပြီးပေ။ မည်သည့် ဘုရားရှိခိုးစာအုပ်ကို အသုံးပြုသင့်သည်၊ ခရစ်ယာန် ဘုန်းတော်ကြီး များ၊ ဘာသာရေးဆရာများ မည်သည့်အဝတ်ကို ဝတ်သင့်သည်စသည်ကဲ့သို့ ဝတ်ပြုဆုတောင်း ခြင်း၊ ဘုရားရှိခိုးခြင်းနှင့်ပတ်သက်သည့် သီးခြားကိစ္စများလည်း ပါဝင်နေခဲ့ပါသည်။ တစ်နည်း အားဖြင့် ပြည်တွင်းစစ်၏ ကြမ်းတမ်းမှုမှာ ဘာသာရေးယုံကြည်ချက်၊ အလေ့အထကိစ္စများ နှင့် စပ်လျဉ်းသည့် မတူကွဲပြားမှုကို လက်ခံရန် ပျက်ကွက်ခြင်းကြောင့်သာ ပေါ်ပေါက်ခဲ့ရခြင်း ဖြစ်သည်။

၁၄။ ထိုကာလတွင်ရှိနေခဲ့ပြီး အထက်တွင်လည်းဖော်ပြခဲ့သည့် ဩဇာကြီးမားသော ဒဿနိက ဗေဒဆရာမှာ ဂျွန်လော့(ခ်) (John Locke) ဖြစ်ပါသည်။ လော့(ခ်)မှာ ဆရာဝန်တစ်ဦး ဖြစ်ပြီး အာရုံခံစားမှုဆိုင်ရာ အမြင်များအကြောင်း ရေးသားခြင်းကြောင့် ထင်ရှားခဲ့သည်။ ထိုအမြင် များတွင် သူ၏ဆေးဘက်ဆိုင်ရာ ဆေးပညာအသိကို အမြင်၊ မှတ်ဉာဏ်၊ ဘာသာစကား တို့နှင့် စပ်လျဉ်းသည့် ဒဿနအယူအဆများနှင့် ပေါင်းစပ်ထားပါသည်။ သို့သော် ယနေ့ ကာလတွင်မူ သူ၏နိုင်ငံရေး အရေးအသားများကြောင့် အကျော်ကြားဆုံး ဖြစ်ခဲ့ပါသည်။ အစိုးရ နှင့်ပတ်သက်သော ဒုတိယကျမ်းဟူသည့် ၁၆၉၀ ခုနှစ်က ပေါ်ထွက်ခဲ့သောစာအုပ်တွင် မတရား

သော အစိုးရကို ပြည်သူအားလုံးက ခုခံတားဆီးခွင့်ရှိပြီး မိမိတို့ပြည်သူအစိုးရကို ဖန်တီးနိုင်သင့်သည်ဟု ဆိုထားပေရာ ထိုစာအုပ်မှာ ပြင်သစ်နှင့် အမေရိကန်တော်လှန်ရေးသမားများအပေါ် ဩဇာသက်ရောက်ခဲ့ပါသည်။

၁၅။ လက်သင့်ခံမှုနှင့် စပ်လျဉ်းသည့် Letters on Toleration ဟုခေါ်သော ပေးစာအတွဲများကိုလည်း ၎င်းကရေးသားခဲ့ပါသည်။ ထိုစာတွဲများထဲတွင် အကျော်ကြားဆုံးမှာ ၁၆၈၉ ခုနှစ်တွင် ထုတ်ဝေခဲ့သော Letter Concerning Toleration ဟုခေါ်သော လက်သင့်ခံမှုနှင့်ပတ်သက်သည့် ပေးစာဖြစ်ပါသည်။ ထိုစာထဲတွင် နိုင်ငံတော်က ဘာသာရေးကိစ္စများတွင် မပါဝင်သင့်၊ တစ်ဦးချင်းစီ၏ အသိတရားအလိုက် ထားသင့်သည်ဟု သူကဆိုခဲ့ပါသည်။ ဆိုလိုသည်မှာ လူ့အဖွဲ့အစည်းတစ်ခု ပိုမိုငြိမ်းချမ်းစေရန် ဘာသာရေး မတူကွဲပြားမှုကို လက်သင့်ခံသင့်သည်ဟု သူက ဆိုခြင်းဖြစ်လေသည်။ ယုံကြည်မှုသစ်များကို ဖန်တီးရန် အုပ်စုများတစ်စုနှင့်တစ်စု အကြမ်းဖက်ကြမည်ဆိုပါက ထိုယုံကြည်ချက်များမှာ မစစ်မှန်၊ တစ်ဦးတစ်ယောက်က အတင်းအဓမ္မတိုက်တွန်း၍ ယုံကြည်စေခိုင်းခြင်းခံရသူသည် ထိုအရာကို အမှန်တကယ် ယုံကြည်လိမ့်မည် မဟုတ်ပေ။ သို့ဖြစ်ရာ ဘာသာရေးကိစ္စများတွင် အခြားသူများအား ဘာသာပြောင်းစေရာ၌ အကြမ်းဖက်မှုသည် မည်သည့်အခါမျှ အောင်မြင်လိမ့်မည်မဟုတ်ပေ။

၁၆။ ၎င်း၏ခေတ်တွင် ပေါ်ပေါက်နေသော ပဋိပက္ခများသည် ကက်သလစ်ဘာသာဝင်များနှင့် ပရိုတက်(စ်)တင့်များကြားတွင်သာမဟုတ်ဘဲ ပရိုတက်စတင့်ဝါဒအတွင်းမှ ဂိုဏ်းခွဲများကြားတွင်လည်း ပေါ်ပေါက်ခဲ့ပါသည်။ ထူးဆန်းသည်မှာ လော့(ခ်)က ယင်းလက်သင့်ခံမှုကို အုပ်စုများ အားလုံးတွင်မူ ခွင့်မပြုခဲ့ပါ။ မည်သည့်နတ်ဘုရားကိုမျှ မယုံကြည်သူအား လူ့အဖွဲ့အစည်းထဲတွင် လက်မခံသင့်ဟု ၎င်းက ပြောခဲ့ပါသည်။ ကက်သလစ်ဘာသာဝင်များသာ မိမိတို့၏ ပိုမိုအစွန်းရောက်သော အယူအဆတချို့ကို စွန့်လွှတ်နိုင်ကြမည်ဆိုလျှင် သူတို့သည် လူ့အဖွဲ့အစည်းထဲတွင် ပါဝင်နိုင်လိမ့်မည်ဟု ၎င်းက ပြောခဲ့ပါသည်။ သို့ဖြစ်ရာ လက်သင့်ခံမှုနှင့် စပ်လျဉ်းသောစာတွင်ပင် လော့(ခ်)သည် သူလက်သင့်ခံသင့်သည်ဟု ကျွန်ုပ်တို့ထင်သလောက်အထိ လက်သင့်ခံနိုင်စွမ်းရှိပုံမရလှချေ (Uzgalis, 2017)။

၁၇။ လော့(ခ်)သည် လက်သင့်ခံမှုကို တင်ပြအရေးဆိုရုံသာမက ဗဟုဝါဒကို ပို၍ ခိုင်မာစွာ တောင်းဆိုခဲ့သည်ဟု တချို့ကစောဒကတက်ကြပါသည်။ ဆိုလိုသည်မှာ ဘာသာရေးအုပ်စုမျိုးစုံကွဲပြားမှုရှိနေသော လူ့ဘောင်တွင်လူတိုင်း စိတ်ချမ်းသာနေမည်ဖြစ်သည့်အတွက် ပိုကောင်းသော လူ့ဘောင်ဖြစ်သည်ဟု ၎င်းက အဆိုပြုခဲ့သည်။ သို့ရာတွင် လော့(ခ်)၏ အတွေးတွင်

ထိုအချက်သည် ပြည့်ဝစွာ ဖွံ့ဖြိုးလာခြင်းမရှိပါ။ အများစုက သူ၏အယူအဆသည် လက်သင့်ခံမှုကို ကာကွယ်ခြင်းအဖြစ် မြင်ကြသော်လည်း လူအမျိုးမျိုး၊ အုပ်စုအမျိုးမျိုး ကွဲပြားမှုကို လက်ခံယုံကြည်ခြင်းထက် မတူကွဲပြားမှုကို ပိုမိုကန့်သတ်ပြီး အသိအမှတ်ပြုသင့်သည်ဟု မြင်ကြပါသည်။ ကမ္ဘာတစ်လွှားမှ လစ်ဘရယ်များအတွက် လော့(ခ်)သည် အရေးကြီးသော အတွေးအခေါ်ပညာရှင်ဖြစ်ပါသည်။ အထူးသဖြင့် ၎င်း၏လက်သင့်ခံနိုင်မှုနှင့်စပ်လျဉ်းသည့် အတွေးအခေါ်သည် အရေးပါသည်။ သို့သော် ဤကိစ္စနှင့်စပ်လျဉ်းပြီး လော့(ခ်) ကို လူတိုင်းကတော့ သဘောတူကြလိမ့်မည် မဟုတ်ပေ။

၁၈။ ဆိုင်းရပ်(စ်)ကဲ့သို့ ခေါင်းဆောင်များ၊ လော့(ခ်)ကဲ့သို့ ဒဿနိကဗေဒဆရာများ ရင်ဆိုင်ခဲ့ရသော အရေးကိစ္စများမှာ ဘာသာရေးယုံကြည်မှုမှ မတူကွဲပြားမှုအပေါ်တွင် အကြီးအကျယ်မူတည်နေခဲ့သည်။ လူမျိုး၊ ဇာတိမျိုးနွယ်၊ အမျိုးသားရေးဝါဒ စသည်တို့နှင့် ပတ်သက်နေသည့် အခြားမတူကွဲပြားမှု ပြဿနာများမှာ (၁၈) ရာစု၊ (၁၉) ရာစု တို့တွင် ပေါ်ထွန်းလာခဲ့ပါသည်။ အဆိုပါ အတွေးအခေါ်ပုံစံများသည် ထိုကာလမတိုင်မီကတည်းက ရှိခဲ့သော်လည်း အမျိုးသားနိုင်ငံတော်များပေါ်ပေါက်မှု၊ လူမျိုး၊ ဖွံ့ဖြိုးမှုတို့နှင့်စပ်လျဉ်းသည့် သိပ္ပံနည်းကျသဘောတရားများ ဖွံ့ဖြိုးတိုးတက်မှုတို့ ပေါ်ထွက်လာမှသာ မတူကွဲပြားမှု အရေးကိစ္စများ ဖြစ်လာခဲ့ပါသည်။ လူမျိုးအပေါ် အလေးထားအာရုံစိုက်သည့် သိပ္ပံနည်းကျ သဘောတရားများကို လက်မခံကြလင့်ကစား ကျွန်ပြုခြင်း အလေ့အထများမှာ မှန်ကန်မျှတကြောင်း ရှင်းချက်ထုတ်ရာတွင် အသုံးပြုနေကြသည့်အတွက် လူမျိုးပြဿနာသည် လူပုဂ္ဂိုလ်များအနေဖြင့် မိမိတို့ကိုယ်မိမိ ခွဲခြားသိမြင်သည့် အမျိုးအစားတစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေပါသည်။

၁၉။ (၂၀) ရာစု၊ (၂၁) ရာစု ရောက်သောအခါ ကျား-မဖြစ်တည်မှု၊ လိင်စိတ်ကိုင်းညွတ်မှုတို့နှင့် စပ်လျဉ်းသည့် သရုပ်လက္ခဏာများမှာ မတူကွဲပြားမှု အမျိုးအစားများအဖြစ် ပိုမိုပေါ်လွင်ထင်ရှားလာပါသည်။ သမိုင်းအများစုကို ပုံဖော်သည့် ယောက်ျားနှင့် မိန်းမတို့ကြားမှ ကွဲပြားခြားနားမှုများကြောင့် ကျား-မဖြစ်တည်မှုပြဿနာသည် သက်တမ်းအရင့်ဆုံးဖြစ်သည်မှာ သေချာပါသည်။ တစ်စိတ်တစ်ပိုင်းအားဖြင့် ဉာဏ်သစ်လောင်းသောခေတ်တွင် အမျိုးသမီးဝါဒီ အတွေးအခေါ်ပေါ်လာသော်လည်း (၂၀) ရာစုတွင်မှ ပိုမိုပြည့်ဝစွာ ဖွံ့ဖြိုးလာပါသည်။ (၂၀) ရာစု တွင် ကျား-မ ကွဲပြားမှုသည် မတူကွဲပြားမှု သီအိုရီသဘောတရားများတိုးတက်ဖွံ့ဖြိုးရာ ပတ်ဝန်းကျင်တွင် နိုင်ငံရေးဆိုင်ရာ အရေးကိစ္စများဖြစ်လာပါသည်။ ယခုကာလတွင်မူ တချို့အခြေအနေများ၌ ကျား-မဖြစ်တည်မှုမှာ ပုံသေမဟုတ်ဘဲ ပြောင်းလဲနေသော အယူအဆ

ဖြစ်လာပါသည်။ လူပုဂ္ဂိုလ်များအနေဖြင့် မိမိတို့၏ ကျား-မ ဖြစ်တည်မှုကို ဆေးပညာအရ ဖြစ်စေ၊ အပြုအမူပြောင်းလဲမှုဖြင့် ရိုးရိုးလွယ်လွယ်ပင်ဖြစ်စေ ပြောင်းလဲနိုင်သင့်သည် ဟူသော ငြင်းချက်များဖြစ်ပါသည်။ လိင်စိတ်ကိုင်းညွတ်မှုမှာလည်း နိုင်ငံရေးသဘော သက်ဝင်သော သရုပ်လက္ခဏာပုံစံ ဖြစ်လာပါသည်။ အကြောင်းရင်းမှာ ဆန့်ကျင်ဘက်လိင်စိတ်ရှိသော အမျိုးသား၊ အမျိုးသမီးနှင့် လိင်စိတ်နှစ်မျိုးလုံး ရှိသူများ၏ အခွင့်အရေးများကို ကာကွယ်ရန် အားထုတ်မှုများမှ ပေါ်ထွက်လာခြင်းဖြစ်ပါသည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးမဟာမင်းကြီးရုံးက ဤနယ်ပယ်တွင် မတူကွဲပြားမှု၊ လက်သင့်ခံမှု၊ ဗဟုဝါဒကို ပံ့ပိုးပေးသော အစီအစဉ်အား ရေးဆွဲဖော်ဆောင်ထားပါသည် (https://www.unfe.org)။

၂၀။ သက်သေထင်ရှားရှိသည့်အတိုင်းပင် မတူကွဲပြားသော လူ့ဘောင်ကိုဖန်တီးရန် သရုပ်လက္ခဏာပေါင်းစုံ ရှိပါသည်။ အဆိုပါ သရုပ်လက္ခဏာများသည် ဘာသာရေးယုံကြည်ချက်ကဲ့သို့ ကျွန်ုပ်တို့ လွတ်လပ်စွာ ရွေးချယ်ထားသည်များဖြစ်စေ၊ လူမျိုး၊ ကျား-မဖြစ်တည်မှု၊ ဇာတိမျိုးနွယ်ကဲ့သို့ မွေးရာပါဖြစ်စေ ဖြစ်နေနိုင်ပါသည်။ လက်ခံကျင့်သုံးရန် မည်သည့် သရုပ်လက္ခဏာများကို ကျွန်ုပ်တို့ရွေးချယ်ခဲ့ပြီး မည်သည်တို့က မွေးရာပါ ဆိုသည်မှာ အမြဲတစေ ရှင်းလင်းခြင်းမရှိပါ။ ထည့်သွင်းစဉ်းစားရမည့် ကျင့်ဝတ်ပိုင်းမေးခွန်းတစ်ခုမှာ မွေးရာပါ သရုပ်လက္ခဏာဖြစ်ခြင်း၊ မဖြစ်ခြင်း၊ ကျွန်ုပ်တို့ ရွေးချယ်ခြင်း၊ မရွေးချယ်ခြင်းက အရေးကြီးသလား ဟူသာ ဖြစ်ပါလိမ့်မည်။ ဥပမာအားဖြင့် အတိတ်က လိင်စိတ်ကိုင်းညွတ်မှုကို ရွေးချယ်မှုဟု လူအများက ယူဆခဲ့ကြပါသည်။ (၂၀) ရာစုတွင်မူ မွေးရာပါ သရုပ်လက္ခဏာသာဖြစ်သည်ဟု ဆိုသော ဆေးပညာငြင်းချက်များ ပေါ်ထွန်းလာခဲ့ပါသည်။ ဆေးပညာ လုပ်ထုံးလုပ်နည်းသစ်များက ယခုအခါတွင် လူတို့အနေဖြင့် မိမိတို့၏ ကျား-မဖြစ်တည်မှုကို ရွေးချယ်ခွင့်ပေးနေပါပြီ။ ကျင့်ဝတ်ပိုင်း အကဲဖြတ်မှုမှန်သမျှတွင် ရွေးချယ်မှုကိစ္စမှာ အရေးကြီးလှပါသည်။ သို့တိုင်အောင် ရွေးချယ်ထားသော သရုပ်လက္ခဏာတစ်ခုခုက မွေးရာပါ သရုပ်လက္ခဏာကဲ့သို့ ကျိုးကြောင်းညီညွတ်မှု ရှိ/မရှိကိုလည်းကောင်း၊ ထိုအချက်က တစ်ယောက်နှင့်တစ်ယောက် ဆက်ဆံရာတွင် အရေး ပါ-မပါကိုလည်းကောင်း ကျွန်ုပ်တို့ စဉ်းစားသင့်ကြပေသည်။

၂၁။ ကျွန်ုပ်တို့၏ သရုပ်လက္ခဏာ အမျိုးမျိုးကို မီးမောင်းထိုးပြနေသော မကြာသေးခင်နှစ်များအတွင်း ပေါ်ပေါက်လာခဲ့သည့် စကားရပ်တစ်ခုမှာ ကဏ္ဍအလိုက် အပြန်အလှန် ဆက်ဆံမှု (intersectionality) ဖြစ်သည်။ အဆိုပါ စကားရပ်မှာ လူတစ်ယောက်ကိုဖြစ်စေ၊ အုပ်စုတစ်စုကိုဖြစ်စေ အနက်ဖွင့်ဆိုနိုင်သော လူမျိုးအရလည်းကောင်း၊ ကျား-မဖြစ်တည်မှု၊ အတန်းအစား၊

လိင်စိတ်ကိုင်းညွတ်မှုစသည့် လူမှုရေးသရုပ်လက္ခဏာများ၏ အချင်းချင်းအပြန်အလှန်ချိတ်ဆက်နေသော သဘာဝကို ဆိုလိုပါသည်။ ထိုစကားရပ်ကို ဥပဒေရေးရာပညာရှင် ကင်(မ်)ဘာလေ ခရင်း(န်)ရှော (Kimberle Crenshaw)က ခွဲခြားဆက်ဆံမှု ဥပဒေရေးရာ ပုံစံများအား ခွဲခြမ်းစိတ်ဖြာလေ့လာချက် (၁၉၉၁)တွင် စတင်မိတ်ဆက်ခဲ့ပါသည်။ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၏ သရုပ်လက္ခဏာတစ်ပိုင်းအား အကောင်းဘက်ကပင် မီးမောင်းထိုးပြလင့်ကစား ထိုသူ၏ အခြားသော သရုပ်လက္ခဏာများအား အလေးထားမှု လျော့ပါးသွားစေသည်။ အမျိုးသမီး အခွင့်အရေး တက်ကြွလှုပ်ရှားသူများက လူမျိုးရေးကို အမြဲတစေထည့်သွင်း မစဉ်းစားကြပုံကို ခရင်း(န်)ရှောက စိတ်ဝင်စားခဲ့ပါသည်။ ဥပမာအားဖြင့် လူမည်းအမျိုးသမီးတစ်ယောက်၏ ခွဲခြား ဆက်ဆံခံရမှုအတွေ့အကြုံသည် လူဖြူအမျိုးသမီးတစ်ယောက်၏ အတွေ့အကြုံနှင့် အကြီးအကျယ် ကွဲပြားနေနိုင်သောကြောင့် ဖြစ်ပါသည်။

၂၂။ အမေရိကန် နိုင်ငံသားအခွင့်အရေး တက်ကြွလှုပ်ရှားသူ ဘေး(ရ်)(ဒ်)ရပ်စတင်(Bayrd Rustin) (၁၉၁၂-၁၉၈၇) ၏ ဘဝဇာတ်ကြောင်းက ကဏ္ဍအလိုက် အပြန်အလှန်ဆက်ဆံမှု၏ စိန်ခေါ်မှုနှင့်ပတ်သက်သော ဥပမာများကိုပေးခဲ့ပါသည်။ ရပ်(စ်)တင်သည် ပင်ဆယ်လ်ဗေးနီးယားပြည်နယ်ရှိ ကွေကာ (Quaker) (အကြမ်းဖက်မှု၊ စစ်တို့ကို ပြင်းပြင်းထန်ထန် ဆန့်ကျင်သော ခရစ်ယာန်ဂိုဏ်း) မိသားစုမှ ပေါက်ဖွားခဲ့ပါသည်။ အာဖရိကန္ဒယ်ဖွား အမေရိကန်တစ်ယောက် အနေဖြင့် သူသည် အမေရိကန်ပြည်ထောင်စုမှ ခွဲခြားဆက်ဆံမှု အဆုံးသတ်ရေး အားထုတ်မှုများတွင် ငယ်စဉ်ကပင် ပါဝင်ပတ်သက်ခဲ့ပါသည်။ လူမည်းများသာမက လူအားလုံးအပေါ် စီးပွားရေး ခေါင်းပုံဖြတ်အမြတ်ထုတ်မှုကို သူကအလေးထား အာရုံစိုက်ခဲ့ပြီး အမေရိကန် ကွန်မြူနစ်ပါတီထဲသို့လည်း ခေတ္တဝင်ရောက်ခဲ့သည်။ သူသည် ဆန့်ကျင်ဘက်လိင်စိတ်ရှိသော အမျိုးသားလည်းဖြစ်၍ အဆိုပါကိစ္စများနှင့်စပ်လျဉ်းသည့် နိုင်ငံသား အခွင့်အရေးလှုပ်ရှားမှု ခေါင်းဆောင်အများအပြားနှင့် တက်တက်ကြွကြွ ပါဝင်ပတ်သက်နေလင့်ကစား လူ့အခွင့်အရေး လှုပ်ရှားမှုများတွင် လူတို့ရှေ့မှောက်ထွက်၍ လုပ်ဆောင်ခဲ့ခြင်းမရှိပေ။ ရပ်စတင်သည် လူမည်း အမေရိကန်များ၏ နိုင်ငံသားအခွင့်အရေးအတွက် သာမကဘဲ ဆန့်ကျင်ဘက်လိင်စိတ်ရှိသူများ (gay rights) ၏ အခွင့်အရေး၊ လူတန်းစား နိမ့်ပါးသူတို့၏ အခွင့်အရေးများအတွက်ပါ တိုက်ပွဲဝင်ခဲ့ပါသည်။ အဆိုပါသရုပ်လက္ခဏာများကို ပေါင်းစပ်ခြင်းကြောင့် လိင်စိတ်ကိုင်းညွတ်မှုသည် နိုင်ငံသားအခွင့်အရေး တက်ကြွလှုပ်ရှားသူများ၏အရေးကို အာရုံပျက်စေလိမ့်မည်ဟု ယုံကြည်ကြသည့် အမေရိကန်အခွင့်အရေး လှုပ်ရှားသူများအတွက် စိန်ခေါ်မှုဖြစ်စေခဲ့ပါသည်။

သို့ရာတွင် အဆိုပါ သရုပ်လက္ခဏာများ အချင်းချင်းချိတ်ဆက်နေသည်ဟု မြင်ရမည်ဖြစ်ပြီး ထိုသရုပ်လက္ခဏာများကြောင့် ပေါ်လာသော မတူကွဲပြားမှုကို လက်ခံယုံကြည်ရမည်ဟု ရပ်စတင်က စောဒကတက်ခဲ့လေသည်။

၂၃။ ဆိုင်းရပ်(စ်)သည် ယုံကြည်မှုစနစ်မျိုးစုံကွဲနေသည့် မတူကွဲပြားသော အင်ပါယာနိုင်ငံကြီးကို မိမိမည်သို့ အုပ်ချုပ်နိုင်မည်နည်း ဟူသည့် ကျင့်ဝတ်ပိုင်းဆိုင်ရာ စိန်ခေါ်မှုကို တစ်ဦးတည်းရင်ဆိုင်ရသည့် ခေါင်းဆောင်တစ်ဦးဖြစ်ပါသည်။ လော့(ခ်)က ဆိုင်းရပ်(စ်)၏ အနေအထားကို သူ့ခေတ်မှ ခေါင်းဆောင်များအား မည်သို့မည်ပုံပြုမူရမည်ကို သိမြင်စေသည့် အသိပညာရှင် အဖြစ်အသုံးချခဲ့ပါသည်။ ရပ်စတင်ကလည်း အမေရိကန်ပြည်ထောင်စုရှိ နိုင်ငံသား အခွင့်အရေး လှုပ်ရှားမှု ခေါင်းဆောင်များအတွက် အကြံပေးအဖြစ် အမှုထမ်းခဲ့ပါသည်။ ကမ္ဘာတစ်လွှားမှ ခေါင်းဆောင်များအနေဖြင့် ဤဆုံးဖြတ်ချက်များကို ချမှတ်ကြရမည်သာဖြစ်ပါသည်။ သို့ရာတွင် ကျွန်ုပ်တို့အားလုံးသည်လည်း နေ့စဉ်ဘဝတွင် အလားတူ ဆုံးဖြတ်ချက်များကို ချမှတ်ကြရမည်သာ ဖြစ်ပေသည်။ ဤအခန်းက မတူကွဲပြားမှု၏ အရေးပါပုံကို အလေးထားဖော်ပြထားပါသည်။ ဆိုင်းရပ်(စ်)ကဲ့သို့ ခေါင်းဆောင်များ၊ အကျင့်သိက္ခာပိုင်း စံပြပုဂ္ဂိုလ်တို့ ရင်ဆိုင်ခဲ့ရသော ကိုယ်တွေ့သမိုင်းကြောင်း ဖြစ်ရပ်မှန်စိန်ခေါ်မှုများကို ဖတ်ရှုခြင်းဖြင့် မတူကွဲပြားမှုနှင့် ဆက်စပ်နေသည့် ကျင့်ဝတ်ပိုင်း အကြပ်အတည်းများကို စာသင်သားများ ကြုံတွေ့ကြရပါလိမ့်မည်။ ဗွီဒီယို ကောက်နုတ်ချက်များကလည်း အဆိုပါဖြစ်ရပ်လေ့လာချက်များ၊ စိန်ခေါ်မှုများကို အားဖြည့်ပေးပါလိမ့်မည်။ အလားတူစိန်ခေါ်မှုများကိုသူတို့ ကိုင်တွယ်နိုင်မည့် နည်းလမ်းများကိုလည်း ဆွေးနွေးကြကာ အကျိုးဆက်အနေဖြင့် မတူကွဲပြားမှုအရေးကိစ္စများကို သီအိုရီသဘောတရားအရသာမက လက်တွေ့အနေနှင့်ပါ ကျောင်းသားများနှင့် မိတ်ဆက်ပေးသွားပါမည်။ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခြင်း၊ ရုပ်ရှင်ပြသခြင်း၊ ပို့ချချက်ငယ်စသည်တို့ကို ပြန်လှန်သုံးသပ်သည့် လေ့ကျင့်ခန်းများဖြင့် ဖြည့်စွက်သွားပါမည်။

၂၄။ ဖြောင့်မတ်တည်ကြည်မှုနှင့်ကျင့်ဝတ် တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင် (၁) ၏ အခန်း (၁) (နိဒါန်းနှင့် အယူအဆရေးရာမူဘောင်) တွင် ဖော်ပြထားသော သိက္ခာသမာဓိ၊ ကျင့်ဝတ်တို့၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်များအပေါ်တွင် ဤသင်ခန်းစာကို အခြေတည်ထားရုံသာမကဘဲ ကျင့်ဝတ်နှင့်ညီသော ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ ကျင့်ဝတ်ပိုင်းဆိုင်ရာ အကြပ်အတည်းများအား မည်သို့ဖြေရှင်းမည်ဆိုသည်များကိုလည်း ထည့်သွင်းထားပါသည် (/e4j/en/integrity-ethics/module-1/index.html)။




# Module 5

# Ethics, Diversity and Pluralism

2020 March

ACC Myanmar

## Introduction

1. This Module explores the concepts of diversity, tolerance and pluralism. It examines ways in which the acceptance of diversity may be difficult, but can be understood and accomplished by drawing on ideas and examples of ethical behaviour. The Module provides a menu of options and approaches for addressing ethical challenges involving issues of race, religious belief, gender, sexual orientation, (dis)ability, political views, and a range of others. It illustrates the relevant concepts through discussing historical social systems in which tolerance and pluralism were evident, and historical role models of integrity who provided inspirational leadership in modelling diversity and acceptance in vexing situations. The Module also discusses moral quandaries in which solutions to a moral dilemma are not clear-cut and require specific forms of ethical reasoning. The discussion emphasizes and explores the importance of diversity not only in the context of fairness to individuals and marginalized groups, but also as a means to improve society as a whole. The Module engages the students with a variety of pedagogical techniques including mini-lecture, discussion, debate, and role playing to encourage participatory decision-making within both hypothetical and real-life diversity-sensitive situations.

2. The Module is a resource for lecturers. It provides an outline for a three-hour class but can be used for shorter or longer sessions, or extended into a full-fledged course (see: Guidelines to develop a stand-alone course (/e4j/integrity-ethics/module-5/guidelines-stand-alone-course.html)).

3. **Learning outcomes**

- Understand and define diversity, tolerance and pluralism
- Perceive the value of cultures, identities, histories, and points of view other than one's own

- Provide examples of moral role models whose actions promote the values of tolerance and pluralism
- Demonstrate a preliminary understanding of more complex aspects of diversity such as intersectionality, identity and subcultures

**Key issues**

4. The study of diversity, tolerance and pluralism, especially as these relate to culture, race, nationality, religious belief, gender, (dis)ability, and sexual orientation, is a key domain within ethics education since issues such as discrimination, misrepresentation and ethnocentricity are related to fairness, justice, identity, equality, and other ethical concerns. The study of diversity, tolerance and pluralism not only deepens our understanding of the points of view and social contexts of people from multiple backgrounds and life approaches, but also sensitizes us to the need to critically evaluate our assumptions including our stereotypes about "otherness" obtained through mass media, local bias, socialization, and first-hand exposure.

5. As noted in Module 1 (/e4j/en/integrity-ethics/module-1/index.html) of the E4J Integrity and Ethics Module Series, ethics refers to "the attempt to arrive at an understanding of the nature of human values, of how we ought to live, and of what constitutes right conduct". The dictionary definition of ethics is "the study or the science of morals". Moral is defined as "a sense of right and wrong", and being moral as "belonging or relating to the principles of good and evil, or right and wrong". In the broadest sense, therefore, ethics is "a way of life". However, at the professional level, ethics is a "mode of moral reasoning" within specific professions often formulated in codes, policies, best practices, guidelines, and similar documents. In addition, ethics is an academic term which describes a branch of philosophy devoted to moral reasoning. Finally, in the most commonly used sense of the word, in many cultures "ethics" means virtue and subsets or

synonyms of that term such as integrity, character and honesty (Chambers, 1999).

6. Diversity comes from the English root word *diverse*, which simply means a state in which there exist differences. Within the study of cultures, diversity pertains more specifically to the honouring of all races, sexual orientations, religions, genders, as if they are each an important hue within the rainbow. More recently, diversity has taken on the added meaning of a cause which champions the equality and rights of all these groups and is frequently linked with inclusion such that the phrase "diversity and inclusion" emphasizes both the importance of difference and the necessity of making each background and group feel important and included. In sociology, or the study of human societies, diversity refers to the variety of inter–group relations regarding race, nationality, ethnicity, gender, sexual orientation, and religious belief. Sociologists are often interested in the patterns of prejudice and discrimination which exacerbate differences and make them negatives, rather than positives, in the human condition.

7. Tolerance means the recognition of differences and the assumption that such differences should be allowed in a society. Throughout history, many societies have exercised forms of tolerance. The early Muslim empires, for instance, created spaces for Christians and Jews to live among them, with their own legal systems and social orders. The idea of tolerance as a formal principle, however, comes from the liberal tradition. The English political philosopher, John Locke (1632–1704), articulated the idea of toleration in a series of letters he wrote in the late 17 $^{th}$ and early 18 $^{th}$ centuries. In these letters, Locke argued for tolerance of differences in religious belief and practice, differences that were an important cause of the British civil wars of the 17 $^{th}$ century.

8. Finally, the word pluralism means not simply the grudging acceptance of differences in a social setting, but a recognition that such differences will

improve the social order. A plural order is one in which a multiplicity of groups will make a social system better. Pluralism is often associated with democracy, for it is a condition of a democratic system that diversity in social and political matters will make a system more legitimate and effective. Some democratic systems allow pluralism to operate directly by giving interest groups the ability to access law makers, hence allowing their different views to be part of a successful social and political order.

9. Another term for pluralism is acceptance. At the broadest level this concept pertains to being at peace with situations, peoples, conditions, and attitudes as they are. However, within the context of ethics and diversity, acceptance means the ability to welcome if not champion differences in all types of human demographics whether by age, lifestyle, gender, orientation, race, ability, religion, and other categories. In some contexts, "acceptance" can also pertain to "surrender" or "yielding" to either a higher power or to a particular way of life and its rules.

10. Throughout history, different ethical and religious traditions have sought to negotiate the differences that exist within their societies. Imperial systems which conquered and then sought to amalgamate different religious beliefs provide some of the earliest evidence of how to deal with a plurality of beliefs or differences. One of the best examples of this comes from the ancient Persian Empire ruled by Cyrus the Great (600 – 530 B.C.). Cyrus ruled a large empire that stretched across the modern day Middle East and Central Asia. When he came to power, Cyrus allowed conquered peoples to return to their homelands and, rather radically for his day and ours, contributed to the rebuilding of destroyed religious monuments. Famously, the Hebrew Scriptures identify Cyrus as a messiah–like figure for his role in rebuilding the Temple in Jerusalem.

11. Cyrus' reputation as a defender of pluralism was further reinforced with the discovery of the Cyrus Cylinder. This small round object has writing in ancient Babylonian which describes the conquest by Cyrus of the Babylonian Empire and his decision to allow and even encourage a diversity of religious and ethnic groups throughout his empire. The cylinder, discovered in the late 19th century, is now kept at the British Museum. In recent years, it has been referred to as one of the earliest documents about human rights. As stated by the director of the British Museum, Neil MacGregor, this is not really accurate. The document does not refer to individual rights at all, and the ancient world rarely had any conception of the rights of individuals (2013).

12. Rather, the document is better understood as one of the first attempts to deal with ethnic and religious diversity. It not only provides an example of tolerance, but of pluralism. Cyrus did not simply allow groups to live in peace but he actively encouraged them to rebuild their temples. We do not know exactly why he did this, as our evidence of his historical context is limited. However, his actions, as represented both in the Hebrew Scriptures and the Cyrus Cylinder, do suggest he was someone who advocated an early form of pluralism.

13. How a society should respond to diversity has long been an ethical challenge. From the evidence we have, Cyrus was able to address this in a creative way, but not all societies have been able to do this peacefully. In 17th–century Britain, for instance, civil war broke out as a result of religious diversity (along with other reasons). In 1534, King Henry VIII of Great Britain signed the Act of Supremacy, which declared him the Supreme Head of the Church of England. This act removed the religious authority of the Pope in Rome, which led to the creation of the Protestant Church of England. The reasons for this break are complicated, and include Henry's desire for a divorce from his wife. Whatever the reasons, this break–up of a unified Christian church in Great Britain led to a

series of conflicts over the next 150 years, culminating in violent civil war. The war pitted Catholics who still believed in the authority of the Pope against Protestants who believed that the monarch in Great Britain should have authority over Christians. These disagreements were not only about who was in charge of the church. They were also about specific matters of worship and prayer, such as what kind of prayer book should be used and what dress the priests and ministers should wear. So, the violence of the civil war was, in one sense, largely about a failure to accept diversity on matters of religious belief and practice.

14. One influential philosopher mentioned above who lived during this period was John Locke. Locke was trained as a physician. He was famous in his day for writing about sensory perceptions, which combined his medical knowledge with philosophical ideas about perception, memory, and language. But today he is most famous for his political writings. His book, *Second Treatise on Government*, which appeared in 1691, influenced the French and American revolutionaries as it argued that all peoples have the right to resist an unjust government and should be able to create their own.

15. He also wrote a series of letters which are now called *Letters on Toleration*. The most famous one, known as *Letter Concerning Toleration*, was published in 1689. In the letter, Locke argues that the state should not be involved in religious matters, and that these should be left up to individual conscience; that is, he argues that a society should tolerate religious diversity in order to be more peaceful. Locke argued that if groups use violence against each other in order to create new beliefs, those beliefs will not be real; someone forced to believe something will not really believe it. So, in matters of religion, violence will never succeed in converting others.

16. The conflicts taking place in his day were not just between Catholics and Protestants but between different sects within Protestantism as well. Ironically, Locke does not allow toleration among all groups; he says that those who do not believe in any god should not be accepted into society. He also says in the letter that only if Catholics give up some of their more extreme beliefs will they be able to be part of society. So, even in a letter on toleration, Locke is perhaps not as tolerant as we would imagine he should be (Uzgalis, 2017).

17. Some have argued that Locke is not just advocating toleration but making the stronger claim for pluralism. That is, he suggests that a society that has a diversity of religious groups will be a better society because all people will be happy. This is not developed fully in Locke's thought, however, and most people see his work as a defence of toleration, the more limited recognition of diversity rather than the embrace of diverse peoples and groups. Locke has been an important thinker for liberals around the world, especially on this matter of tolerance. But, of course, not all people would agree with Locke on this.

18. The issues faced by leaders such as Cyrus and philosophers such as Locke revolved largely around diversity in religious belief. Other issues of diversity emerged in the 18th and 19th centuries, largely around race, ethnicity and nationalism. Versions of these ideas existed prior to this period, but only with the rise of the nation state and the development of scientific theories around race and development did they become issues of diversity. While the scientific theories that focused on race have largely been discredited, especially as they were used to justify practices of slavery, race continues to be a category by which individuals distinguish themselves.

19. Into the 20th and 21st centuries, identities around gender and sexual orientation have become more prominent as categories of diversity. Certainly, the category of gender is one of the oldest, with the differences between men

and women shaping much of history. It is only with the rise of feminist thinking, partly in the Enlightenment, but more fully developed in the 20 th century, that gender distinctions have become political issues around which theories of diversity have developed. In the contemporary era, gender has become a more fluid idea in some contexts, with arguments being made that individuals should be able to change their genders, either medically or simply through behavioural changes. Sexual orientation has also become a politicized form of identity, one that has resulted in efforts to protect the rights of gay, lesbian and bisexual individuals. The United Nations Office of the Human Rights Commissioner has developed a programme in support of diversity, tolerance and pluralism (https://www.unfe.org/) in this area. In the present E4J module series, Module 9 (/e4j/en/integrity-ethics/module-9/index.html)(Gender Dimensions of Ethics) discusses feminist ethical theories that respond to gender based discrimination against women and aim to enhance gender diversity and equality.

တည်းသာလျှင် စမ်းသပ်ချက်၏ အစမ်းသပ်ခံပုဂ္ဂိုလ်ဖြစ်ပြီး ၎င်း၏တုံ့ပြန်မှုများကို အကဲဖြတ်ဆန်းစစ်ပါသည်။ မေးခွန်းများကို ဖြေပေးရန် တောင်းဆိုခံရသည့် အခြားပါဝင်သူများအားလုံးသည် စမ်းသပ်ချက်၏ ကြံရာပါပုဂ္ဂိုလ်များဖြစ်ကြောင်း စမ်းသပ်ခံရသည့် ပုဂ္ဂိုလ်က မသိရှိပေ။ ဖြစ်ရပ်အများစုတွင် စမ်းသပ်ခံပုဂ္ဂိုလ်များသည် အခြားသူများ၏ ဖြေကြားချက်များကိုသာ အဖန်တလဲလဲ ပြောဆိုကြပါသည်။ အဆိုပါကိစ္စရပ်သည် သက်တူရွယ်တူများ၏ ဖိအားက မိမိတို့ရှေ့မှောက်တွင် မည်သည့်အရာက အမှန်တရားဖြစ်ကြောင်း သိမြင်နိုင်စွမ်းအပေါ် မည်မျှအထိ သက်ရောက်မှုရှိနိုင်ကြောင်းကို ပြသခြင်းပင်ဖြစ်ပါသည်။ အာ့(ရှ်) ၏ စမ်းသပ်မှုတွင် ဖန်တီးထားသည့် ရှုပ်ထွေးမှုနည်းသော အခြေအနေများတွင်ပင် လူများစုသည် အုပ်စုတစ်ခု၏ ဦးဆောင်မှုနောက်ကို လိုက်လေ့ရှိကြောင်း တွေ့ရှိရပါသည်။ ကျွန်ုပ်တို့သည် အခြားသူများ၏ သဘောထားအမြင်နှင့် ကွဲလွဲခြင်းအားဖြင့် ပဋိပက္ခများကို မဖန်တီးလိုသောကြောင့် (စံသတ်မှတ်ချက်နှင့် ကိုက်ညီမှု) သို့မဟုတ် အုပ်စု၏ဖိအားများ (သတင်းအချက်အလက်ဆိုင်ရာ ကိုက်ညီမှု) ကြောင့် သဘောရိုးဖြင့် အရာရာကို မှားယွင်းစွာ တွေ့မြင်ရခြင်းဖြစ်သည်ကို အာ့(ရှ်)၏ စမ်းသပ်ချက်က ဖော်ပြခဲ့ပါသည်။ စံသတ်မှတ်ချက်နှင့် ညီညွတ်မှုသည် အုပ်စု၏ ညီညွတ်မှုကို ဖောက်ဖျက်ရန် သင့်လျော်မှုမရှိကြောင်း တိကျသေချာစွာ သတ်မှတ်ထားသော စံသတ်မှတ်ချက်များက ရယူခြင်းဖြစ်သည်။ သတင်းအချက်အလက်နှင့် ကိုက်ညီမှုဟု သတ်မှတ်ခြင်းမှာ သိမြင်မှုဆိုင်ရာ သဘောတရားပိုင်းတွင် ချွတ်ယွင်းချက်များ ဖြစ်ပေါ်နိုင်ခြင်းကြောင့် ဖြစ်ပါသည်။ အာရုံခံစားမှုများက မိမိတို့ကိုပေးသည့် သတင်းအချက်အလက်မှာ အမှန်အတိုင်းမဟုတ်ဘဲ သွေဖည်နေပါသည်။ အာ့(ရှ်)၏ စမ်းသပ်မှုက မျဉ်းအလျားများ နှင့် ပတ်သက်သော မေးခွန်းများအတွက် မှန်ကန်သော အဖြေများပေးရန် စမ်းသပ်မှုပြုလုပ်သူက တောင်းဆိုထားသည့် မိတ်ဖက်အဖွဲ့ဝင်တစ်ဦးရှိနေခြင်းသည် အများနှင့်သဘောထားချင်း ကိုက်ညီမှု၏ဆွဲအားကို အားနည်းသွားစေနိုင်ကြောင်းပြဆိုနေပါသည်။ နောက်ထပ် စမ်းသပ်ချက်တစ်ခုအနေဖြင့် အစမ်းသပ်ခံပုဂ္ဂိုလ်များကို နှုတ်ဖြင့်ဖြေကြားခြင်းထက် စာဖြင့်ရေးသားဖြေဆိုစေခြင်းသည် စမ်းသပ်ချက်၏ ရလဒ်ကို များစွာပြောင်းလဲသွားစေနိုင်ကြောင်း ဖော်ပြနေပါသည်။ ဤစမ်းသပ်ချက်သည် ဤအခန်းပါ လေ့ကျင့်ခန်း (၃) (/e4/en/integrity-ethics/module-6/exercise.html#module6exercise3) ၏ အဓိက အကြောင်းအရာဖြစ်ပါသည်။ အဆိုပါ စမ်းသပ်ချက်များနှင့်ပတ်သက်၍ ပိုမိုသိရှိလိုပါက အာ့(ရှ်)၏ "ထင်မြင်ယူဆချက်များနှင့် လူမှုရေးဆိုင်ရာဖိအား” (Opinions and Social Pressure) ကို လေ့လာနိုင်ပါသည် (http://www.lucs.lu.se/wp-content/uploads/2015/02/Asch-1955-Opinions-and-Social-Pressure.pdf)။

၂၃။ မိမိတို့သည် အများနှင့်လိုက်လျောညီထွေမှုရှိခြင်းမှ အာဏာပိုင်များ၏ အမိန့်နာခံခြင်းကို ကူးပြောင်းလေ့လာကြည့်ကြပါစို့။ စတန်လီမစ်(လ်)ဂရမ်(မ်) (Stanley Milgram) ၏ အငြင်းပွားဖွယ်နာခံမှုဆိုင်ရာ စမ်းသပ်ချက် (http://www.youtube.com/wattch?v=y9l_puxcrlM) တွင် မီးခလုတ်တစ်ခု နှိပ်ရုံမျှဖြင့် အလွန်ပြင်းထန်သည့် ဓာတ်လိုက်မှုများ ဖြစ်စေသကဲ့သို့ ကျောင်းသားများအားအပြစ်ပေးရန် ဆရာများကိုအာဏာပိုင်များက ခိုင်းစေခဲ့သည်။ အခြားသူများအပေါ်တွင် ကြီးမားစွာထိခိုက်စေနိုင်ပြီး သေသည်အထိဖြစ်စေနိုင်သော အာဏာပိုင်များ၏ စေခိုင်းချက်ကို လိုက်နာလုပ်ဆောင်ခြင်းများအပါအဝင် လူသားများအနေဖြင့် အဆိုပါပုဂ္ဂိုလ်များ၏စေခိုင်းချက်ကို တသွေမတိမ်းလိုက်နာလုပ်ဆောင်ရန် ပြင်းထန်သော စိတ်သဘောထားရှိကြောင်းကို ဤအခန်းပါ လေ့ကျင့်ခန်း (၄) (/e4j/en/integrity-ethics/module-6/exercises.html#module6exercise4) တွင် အဓိကဖော်ပြထားပါသည်။ မစ်(လ်)ဂရမ်(မ်)၏ သုံးသပ်ချက်မှာ လူသားများသည် ကိုယ်ကျင့်တရားပျက်ပြားခြင်း မဟုတ်ဘဲ အမိန့်နာခံမှုက လူကောင်းများကို မကောင်းမှုပြုလုပ်ရန် တွန်းအားပေးခြင်းဖြစ်သည်ဟု ဆိုပါသည်။ နာခံမှုသည် အများနှင့်လိုက်လျောညီထွေရှိခြင်းကဲ့သို့ပင် လူ့အသိုက်အဝန်းတွင် အရေးပါ၍ အပြုသဘောဆောင်သည့် အခန်းကဏ္ဍမှပါဝင်သော်လည်း နာခံမှုကို မလွန်ဆန်နိုင်ပါက မိမိတို့သည် ကြောက်မက်ဖွယ်ကောင်းသော အရာများကို ပြုလုပ်သွားနိုင်ပါသည်။ ဤကိစ္စရပ်သည် အဖွဲ့အစည်းများ၏ ခေါင်းဆောင်မှုနှင့် ရာထူးအဆင့်ဆင့်တို့အပေါ် ပြင်းထန်စွာ အကျိုးသက်ရောက်မှုရှိနိုင်ပါသည် (Milgram, 1973)။

၂၄။ မီးခလုတ်များကို မလွဲမသွေနှိပ်ခဲ့သည့် အစမ်းသပ်ခံပုဂ္ဂိုလ်မှာ အနည်းစုသာ ရှိသည်ကိုလည်း မှတ်သားထားသင့်ပါသည်။ ပုံမှန်အားဖြင့် အစမ်းသပ်ခံပုဂ္ဂိုလ်များသည် အာဏာပိုင်များ၏ ဆွဲဆောင်မှုကို ခုခံရန် ကြိုးပမ်းအားထုတ်ကြပါသည်။ သို့သော်နောက်ဆုံးတွင် စမ်းသပ်ချက်ပြုလုပ်မှု၌ ဆရာများဖြစ်သော အစမ်းသပ်ခံပုဂ္ဂိုလ် ၅၀% ကျော်သည် သေစေနိုင်လောက်သည့် အလားအလာရှိသော ဓါတ်လိုက်အောင် ပြုလုပ်မှုဖြင့် ကျောင်းသားများအားအပြစ်ပေးခဲ့ကြပါသည်။ (ထိုထက်ပို၍အံ့သြဖွယ် ကောင်းသည်မှာ စမ်းသပ်ချက်ပြုလုပ်သည့် ရည်ရွယ်ချက်ကို မသိကျိုးကျွန်ပြုကာ ကျောင်းသားများ သတိလစ်သွားပြီ ဖြစ်သည်ဟု ယူဆပြီးနောက်တွင်ပင် ပိုမိုမြင့်မားသော လျှပ်စစ်ဓါတ်အားဖြင့် ကျောင်းသားများအား ဓါတ်လိုက်စေရန် ပြုလုပ်ခြင်းဖြင့် ဆက်လက်အပြစ်ပေးလိုသည့် စိတ်များ အများစု၏စိတ်တွင် ဖြစ်ပေါ်

နေကြခြင်းပင်ဖြစ်ပါသည်။) မိမိကိုယ်တွင်းရှိ တစ်ဖက်စောင်းနင်းမဖြစ်စေရန် ထိန်းသိမ်းထားသည့် စိတ်အရှိန်အဟုန်ကို အာဏာပိုင်များ၏ ဆွဲဆောင်မှုက ပိုမိုလွှမ်းမိုးနိုင်စွမ်းရှိပါသည်။ ပါဝင်ဆောင်ရွက်သူများ တွေ့ကြုံရသည့် ကြီးစွာသော သဘောထားကွဲလွဲမှုများကို ဝေဖန်ဆန်းစစ်ကြည့်မည်ဆိုလျှင် ထိုအချက်ကို ပိုမိုရှင်းလင်းစွာ တွေ့မြင်နိုင်ပါသည်။

၂၅။ ပါဝင်ဆောင်ရွက်သူများ၏ အပြုအမူများတွင်ပါဝင်သည့် အဓိကကျသော အချက်တစ်ချက်မှာ "ပြဿနာဖြစ်လာပါက ရှောင်လွှဲခြင်း" (ထမင်းရည်ပူလာ လျှာလွှဲ) သို့မဟုတ် မိမိ၏တာဝန်ကို သူတစ်ပါးအား လွှဲချခြင်း စသည်တို့ကို ဖော်ပြသည့် အများနှင့်ဆိုင်သော စိတ္တဗေဒဆိုင်ရာ ယန္တရားတစ်ခုပင်ဖြစ်ပါသည်။ မိမိတို့လုပ်ရပ်အပေါ် တွေးတော၍စဉ်းစားရန် အခွင့်အရေးရှိပါက မိမိတို့သည် နောင်တရကောင်းရနိုင်သော်လည်း အာဏာပိုင်ပုဂ္ဂိုလ် တစ်ဦးပေါ်တွင်သာ တာဝန်ရှိသည်ဟူသော အသိရှိခြင်းဖြင့် မိမိတို့၏လုပ်ရပ်အပေါ် မိမိတို့အပြစ်ရှိသည်ဟူသော မကောင်းသည့် စိတ်ခံစားချက်ကို သက်သာစေသည့်နည်းလမ်းက မိမိတို့အတွက် ပိုမိုလွယ်ကူစေပါသည်။ (ဤအကြောင်းအရာများနှင့်ပတ်သက်၍ ချမ်းသာကြွယ်ဝမှုနှင့် ဩဇာလွှမ်းမိုးနိုင်မှုဆိုင်ရာ ဆွေးနွေးချက်များအတွက် “Arendt, 2006” ကို လေ့လာနိုင်ပါသည်။ အထူးသဖြင့် အဒေ့ါ(လ်)(ဖ်)အိုက်(ခ်)မန်း (Adolf Eichmann)က ၎င်း၏လုပ်ရပ်များအတွက် တာဝန်ယူနိုင်စွမ်းမရှိခြင်းကို စာရေးသူက တင်ပြထားခြင်းဖြစ်ပါသည်။) အလားတူစွာ မိမိတို့သည် “အခြားသူများပင် လုပ်နေကြသည်ဖြစ်၍ မိမိတို့အနေဖြင့် မည်သည့်အတွက်ကြောင့် မလုပ်နိုင်ရမည်နည်း” ဟု တွေးတောလျက် မိမိတို့၏ တာဝန်များကို အုပ်စုများထံသို့ လက်လွှဲလေ့ရှိပါသည်။ ဤကဲ့သို့သော စိတ္တဗေဒဆိုင်ရာယန္တရားများမှာ သီးခြားသတ်မှတ်ထားသည့် အခြေအနေမျိုးတွင် စတင်ဖြစ်ပွားတတ်ကြောင်းကို အလေးထားသင့်ပါသည်။ မစ်(လ်)ဂရမ်(မ်) စမ်းသပ်ချက်တွင် ပါဝင်ဆောင်ရွက်သူများကို အာဏာပိုင်က ထိုက်သင့်သော ဖိအားပေးထားပါသည်။ သို့ရာတွင် မိမိတို့သည် အာဏာပိုင်များ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာလေ့ရှိသောကြောင့် ထိုပုဂ္ဂိုလ်များက မိမိတို့ကို ဖိအားပေးနိုင်ခဲ့ခြင်းဖြစ်ပါသည်။ စိတ်ပိုင်းဆိုင်ရာနှင့် ပတ်ဝန်းကျင်ဆိုင်ရာအချက်အလက်များက ဤရလဒ်များကိုရရှိရန် တွဲဖက်လုပ်ဆောင်ကြသည်။

၂၆။ မိမိတို့သည် မစ်(လ်)ဂရမ်(မ်)၏ စမ်းသပ်ချက်တွင် ဖြစ်ပေါ်နေသော အခြေအနေများကို ရှောင်ကြဉ်ရန် စဉ်းစားမည်ဆိုပါက အာဏာပိုင်များ၏ ဖိအားများကို မည်သည့်အချိန်၊ မည်သည့်နေရာတွင် မည်ကဲ့သို့ကျော်လွှားရမည်ကိုသိရှိရန်နှင့် မိမိကိုယ်ကိုမိမိ လေ့ကျင့်သင်ကြား

ရမည်ဖြစ်ပါသည်။ ပြောင်းလဲနေသည့် ပတ်ဝန်းကျင်ဆိုင်ရာအခြေအနေ (ဥပမာ- လက်ခံနိုင်သည့် အတိုင်းအတာထက် ကျော်လွန်ပြီး နာခံစေမှု နည်းပါးသည့် ခေါင်းဆောင်မှုပုံစံများကို ထည့်သွင်းစဉ်းစားခြင်း) များကိုလည်း သိရှိနိုင်ရန် လေ့ကျင့်ရမည်ဖြစ်ပါသည်။

၂၇။ ဆက်စပ်မှုရှိပြီး ဆွေးနွေးသင့်သည့် ကိစ္စရပ်တစ်ခုမှာ တာဝန်များ ရောယှက်နေမှုပင်ဖြစ်ပါသည်။ ဥပမာ- အစမ်းသပ်ခံပုဂ္ဂိုလ်များအနေဖြင့် အခြားသူများ ရှိနေသည့်အချိန်တွင် အကူအညီလိုအပ်နေသူ တစ်ဦးအား အကူအညီပေးရန် တာဝန်မရှိလှပဟု ခံစားရတတ်ခြင်းပင်ဖြစ်ပါသည်။ တာဝန်ယူခြင်းသည် ခက်ခဲပြီး တစ်ခါတစ်ရံတွင် အန္တရာယ်ရှိသော ကိစ္စဖြစ်နိုင်သည့်အတွက် မိမိတို့သည် မိမိတို့၏တာဝန်များကို အခြားသူများထံသို့ လွှဲပြောင်းပေးလိုကြပါသည်။ သို့သော် မိမိတို့သည် အခြားသူများရှိနေချိန်တွင် မိမိတို့၏အပြုအမူမှာ အခြားသူများ၏ အပြုအမူနှင့် သဏ္ဍာန်တူဖြစ်နေလေ့ရှိသည့်ကိစ္စရပ်မှာ အများနှင့်လိုက်လျောညီထွေဖြစ်မှုကို ပြဆိုနေခြင်းပင်ဖြစ်ပါသည်။ အဆိုပါကိစ္စအပေါ် အကူအညီပေးမည့် ပုဂ္ဂိုလ်တစ်ဦးသာရှိနေမည်ဆိုပါက ထိုကဲ့သို့သော အကြောင်းအရာများ ဖြစ်ပေါ်နိုင်မည် မဟုတ်ဘဲ တစ်စုံတစ်ယောက်က ဦးဆောင်၍ ကူညီသည့်အခါတွင် တာဝန်ရောယှက်နေမှု ဖြစ်စဉ်မှာ ကွယ်ပျောက်သွားတတ်ပါသည်။ တာဝန်ရောယှက်နေသည့်ဖြစ်စဉ်မှာ ဂါစီယာ (Garcia) (၂၀၀၂) ရေးသားသည့် Bystander Effect (http://www.youtube.com/watch?v=z4S1LLrSzVE) တွင် ပြဆိုထားသည့် အဓိကယန္တရားများအနက် တစ်ခုအအပါအဝင်ဖြစ်ပါသည်။ ဘေးပတ်ဝန်းကျင်ရှိ လူပုဂ္ဂိုလ်များနှင့်ပတ်သက်၍ သုတေသနပြုချက်များ စတင်ဖြစ်ပေါ်စေခဲ့သော တွေးတောစရာဖြစ်ရပ်တစ်ခုမှာ Kitty Genovese လူသတ်မှုဖြစ်စဉ်ပင်ဖြစ်ပါသည် (https://www.youtube.com/watch?v=kovZ6z-73vA)။

**အခြေအနေအကျိုးပေးဝါဒ**

၂၈။ မိမိတို့၏ပြုမှုပုံအပေါ် နက်ရှိုင်းစွာ သက်ရောက်နေသော ကျင့်ဝတ်နှင့်မညီသည့် အပြုအမူဆီသို့ မကြာခဏတွန်းပို့လေ့ရှိတတ်သော အခြားအကြောင်းတစ်ရပ်မှာ သီးခြားပတ်ဝန်းကျင် အခြေအနေများတွင် မိမိတို့ပါဝင်နေသော အခန်းကဏ္ဍပင်ဖြစ်ပါသည်။ ၎င်းကို Stanford Prison Experiment (http://www.youtube.com/watch?v=sZwfNs1pqGo) တွင်ဖော်ပြထားပါသည်။ အဆိုပါစမ်းသပ်ချက်ကို ၁၉၇၁ ခုနှစ်က ပြုလုပ်ခဲ့ပြီး ဤအခန်း၏ လေ့ကျင့်ခန်း (၅) တွင်လည်း အဓိကဖော်ပြထားပါသည် (/e4j/en/integrity-ethics/module-6/exercises.html#module6exercise5)။ ပတ်ဝန်းကျင်အခြေအနေဆိုင်ရာ အချက်အလက်များနှင့် ဆက်

စပ်သည့် စိတ်ပိုင်းဆိုင်ရာသက်ရောက်မှုများနှင့် သိမြင်နိုင်စွမ်းရှိမှုတို့ကိုလည်း သုတေသနပြု လေ့လာထားပါသည်။ စမ်းသပ်ချက်တွင် အစောင့်များနှင့် အကျဉ်းသားများ၏ အခန်းကဏ္ဍ၌ ပါဝင်သရုပ်ဆောင်ထားသော စေတနာ့ဝန်ထမ်းကျောင်းသားများ ပါဝင်ပါသည်။ အဆိုပါ စမ်းသပ်ချက်သည် အငြင်းပွားဖွယ် စိတ်ပိုင်းဆိုင်ရာ စမ်းသပ်ချက်များအနက် တစ်ခုအပါအဝင်ဖြစ်သော်လည်း အလွန်စိတ်ဝင်စားဖွယ်ကောင်းသော အချက်အလက်များလည်း ပါဝင်ပါသည်။ သီးခြားပတ်ဝန်းကျင်အခြေအနေများတွင် မိမိတို့ပါဝင်နေသော အခန်းကဏ္ဍများသည် မိမိတို့၏ ပြုမူပုံအပေါ် နက်ရှိုင်းစွာ သက်ရောက်နေသည်ဟူသော အတိုင်းအဆနှင့် ပတ်ဝန်းကျင်အခြေအနေဆိုင်ရာ အချက်အလက်များသည် ပြုမူပုံအပေါ် လွှမ်းမိုးနိုင်သည်ဟူသော အတိုင်းအဆတို့အား အဆိုပါအချက်အလက်များက ပြဆိုနေပါသည်။ ယင်းကို အခြေအနေအကျိုးပေးဝါဒ၏ ပြဿနာအဖြစ် သိမြင်ထားကြပါသည်။

၂၉။ မကြာသေးမီက အဆိုပါစမ်းသပ်ချက်ကို မီဒီယာများတွင် စိစစ်တင်ပြခဲ့ကြသော်လည်း စမ်းသပ်မှုရလဒ်များမှာ သိပ္ပံနည်းကျအသိုင်းအဝိုင်းက ကျယ်ပြန့်စွာ လက်ခံထားသည့် အခြားစမ်းသပ်ချက်အများအပြား၏ ရလဒ်များနှင့် ကိုက်ညီနေပါသည်။ အဆိုပါစမ်းသပ်ချက် အများအပြားအနက်မှ အချို့မှာ ဤအခန်းတွင် ပါဝင်ပါသည်။ (Selective Attention, Conformity, Solomon Asch's Experiment, The Migram Obedience Experiment and The Bystander Effect) စမ်းသပ်ချက်ကို ဝေဖန်ထားသော စာနယ်ဇင်းဆောင်းပါးကို ဖတ်ရှုရန်အတွက် (https://medium.com/s/trustissues/the-lifespan-of-a-lie-d869212b1f62) ကို ကြည့်ပါ။ ဇင်ဘာဒို (Zimbardo) ၏ ပြန်ကြားချက်ကိုဖတ်ရန် (http://www.prisonexp.org/response) ကို ကြည့်ပါ။ အဆိုပါငြင်းဆိုချက်အား စာသင်သားများနှင့် ဆွေးနွေးလျှင် အကျိုးရှိနိုင်ပါသည်။ ဇင်ဘာဒိုကိုယ်တိုင်ပင် ၎င်း၏စမ်းသပ်ချက်သည် ကျင့်ဝတ်နှင့်မညီကြောင်း သဘောတူလက်ခံထားပါသည်။ သိပ္ပံနည်းကျရှုထောင့်အရ မှုမမှန်သည်မှာလည်း ထင်ရှားပါသည်။ မည်သို့ပင်ဆိုစေ မျိုးဆက်သစ်တို့၏ စိတ်ကူးစိတ်သန်းများကို ဖမ်းစားနိုင်စွမ်းတော့ရှိပေသည်။ အဘယ်ကြောင့်ဆိုသော် ဘဝခရီးလမ်းအား လျှောက်လှမ်းရာတွင် ပြီးပြည့်စုံသည့် အောင်မြင်မှုမျိုးရရှိရန် အစဉ်မလွယ်ကူခြင်းနှင့် မိမိတို့၏ဘဝအပေါ် ထိန်းချုပ်နိုင်စွမ်းမရှိခြင်း၏ အကျိုးဆက်များမှာ အလွန်ကြီးမားခြင်းတို့ကို မီးမောင်းထိုးပြထားသောကြောင့်ဖြစ်ပါသည်။ စိတ်ပညာတွင် နောက်ဆုံးပေါ်တွေ့ရှိချက်များနှင့် ရင်းမြစ်တူဘာသာရပ်များကလည်း ဤလားရာကို ညွှန်းဆိုနေကြပါသည်။ ဇင်ဘာဒို၏ စမ်းသပ်ချက်သည် ကျင့်ဝတ်ပိုင်းနှင့် သိပ္ပံနည်းကျ

ရှုထောင့်များအရ မေးခွန်းထုတ်စရာဖြစ်သော်လည်း လက်သင့်ခံရန် ခက်ခဲသည့် ဘဝနေနည်းများကို ဥပမာများဖြင့် ကောင်းမွန်စွာဖော်ပြထားပါသည်။ သို့သော်လည်း ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ ရှုထောင့်အရ မိမိကိုယ်မိမိ ပိုကောင်းအောင် ကြိုးစားရန် အမှန်တကယ် စိတ်အားထက်သန်ပါက မလွဲမသွေအောင်မြင်မှုရရှိနိုင်သည်ဆိုသောအချက်ကိုလည်း လက်သင့်ခံထားသင့်ပါသည်။

၃၀။ ထုံးတမ်းစဉ်လာနှင့်အညီသာ ဆောင်ရွက်မှု၊ လုပ်ပိုင်ခွင့်အာဏာလွှဲပြောင်းမှု၊ မိမိလုပ်သင့်သည့် အရာများအား အခြားသူအပေါ် တာဝန်ခံစေခိုင်းမှု (ထမင်းရည်ပူလာ လျှာလွှဲ)၊ လက်ရှိသီးခြားအလုပ်အပေါ် တရားလွန်အာရုံစိုက်မှုနှင့် မိမိကိုယ်မိမိ လမ်းပျောက်နေမှုတို့သည် စမ်းသပ်ချက်တွင် ပါဝင်သူတို့၏ လုပ်ဆောင်နိုင်စွမ်းအား လျော့ကျစေပြီး လုပ်ဆောင်ရန် တွန်းအားပေးနေသည့် အင်အားစုများနှင့်လည်း ကင်းကွာသွားစေသဖြင့် အကြင်နာမဲ့၍ ရက်စက်သော အစောင့်များ သို့မဟုတ် အရှက်ရ၍ ခံစားချက်ပိုင်းဆိုင်ရာ ပြိုလဲနေသော အကျဉ်းသားများ ဖြစ်လာအောင် လမ်းကြောင်းချပေးလိုက်သကဲ့သို့လည်း ဖြစ်သွားစေနိုင်ပါသည်။ တူညီဝတ်စုံများဖြစ်သည့် အကျဉ်းသားဝတ်စုံများ၊ သံကြိုးများ၊ နံပါတ်တုတ်များ၊ ရောင်ပြန်နေကာမျက်မှန်များ၊ နာမည်အား အကျဉ်းသားနံပါတ်များဖြင့် အစားထိုးမှုများ၊ နာမည်ရင်းအစား ဂျွန်ဝိုင်း (John Wayne) ဆိုသကဲ့သို့ နာမည်ပြောင်များဖြင့် အစားထိုးမှုများသည် ပါဝင်သူများအား အကျဉ်းထောင်အတုထဲတွင် ရောက်ရှိနေသည်ကိုပင် မေ့လျော့သွားစေခဲ့ပါသည်။ အချို့သောပညာရှင်များ၊ အထူးသဖြင့် ဂျွန်အမ်(မ်)ဒေါရစ် (John M. Doris) (၂၀၀၂) က အဆိုပါစမ်းသပ်ချက်မျိုးသည် "လူသားများတွင် အမှန်တကယ်မရှိသည့် စရိုက်လက္ခဏာများဖြစ်သည်" ဟူသောအချက်ကို ခုခံကာကွယ်ရေးသားခဲ့ပါသည်။ ပတ်ဝန်းကျင်အခြေအနေများသည် မိမိတို့ပြုမူပုံကို အဆုံးအဖြတ်ပေးနိုင်သည့် အခန်းကဏ္ဍမှ ပါဝင်နေမည်ဆိုပါက မိမိ၏အကျင့်စရိုက်က ထိုသို့ပြုမူအောင် လှုံ့ဆော်နေသည်မဟုတ်ဘဲ ပတ်ဝန်းကျင်ကသာ လှုံ့ဆော်သွားသည်ဟု ဒေါရစ်(စ်) (Doris) က အခိုင်အမာဆိုပါသည်။ သို့သော်လည်း ဤအစွန်းရောက်အနေအထားသည် မေးခွန်းထုတ်စရာ ဖြစ်လာမည်မှာ မလွဲဧကန်ပင်ဖြစ်ပါသည်။ အမှန်တကယ်တွင် အစောင့်အားလုံးသည် တစ်ပုံစံတည်းပြုမူကြခြင်း မဟုတ်သကဲ့သို့ အကျဉ်းသားများမှာလည်း ထိုနည်းတူပင် ဖြစ်ပါသည်။ ပါဝင်သူများအားလုံးမှာ ၎င်းတို့ သီးခြားရင်ဆိုင်နေရသည့်အခြေအနေက တစ်နည်းမဟုတ်တစ်နည်း လွှမ်းမိုးခံနေရသော်လည်း ပါဝင်သူများအကြားရှိ ပြုမူပုံများမှာ သိသိသာသာ ကွဲပြားနေပါသည်။

၃၁။ ထုံးတမ်းစဉ်လာနှင့်အညီ ဆောင်ရွက်မှုသည် အလွန်အရေးကြီးသည့် လူမှုရေး အခန်းကဏ္ဍတွင် ပါဝင်နေသည့်အချက်ကို အလေးအနက်ထားသင့်ပါသည်။ အခြေအနေနှင့်အညီ ဆောင်ရွက်နိုင်စွမ်းသည် အပြုသဘောဆောင်သည့် နည်းလမ်းအရ အရေးကြီးပေသည်။ ဥပမာအားဖြင့် ဤဆောင်ရွက်နိုင်စွမ်းသည် အခြေအနေနှင့် လျင်မြန်စွာ အသားကျသွားစေနိုင်ပါသည်။ သို့ရာတွင် Standard Prison Experiment က မီးမောင်းထိုးပြထားသည့်အတိုင်းပင် အသားကျလွယ်ခြင်းတွင်လည်း အားနည်းချက် အပြစ်အနာအဆာ များစွာရှိနေတတ်ပြန်ပါသည်။ ဤဆွေးနွေးချက်သည် ပတ်ဝန်းကျင်၏သက်ရောက်မှုနှင့်စပ်လျဉ်းသည့် အချေအတင်ပြောဆိုမှုများနှင့်သက်ဆိုင်နေသကဲ့သို့ ဖြောင့်မတ်တည်ကြည်မှုနှင့်ကျင့်ဝတ် တက္ကသိုလ်အဆင့်ရည်ညွှန်းစာစောင် (၂) အခန်း (၈) တွင် ဆွေးနွေးထားသော ကျင့်ဝတ်နှင့်ညီသည့် အပြုအမူများအပေါ် အဖွဲ့အစည်းတစ်ရပ်ရပ်၏ စီစဉ်လုပ်ဆောင်မှုနှင့်လည်း သက်ဆိုင်ပါသည် (/e4j/en /integrity–ethics/ module–8/index.html) (Behavioural Ethics)။

## မရိုးဖြောင့်မှု

၃၂။ ရှေ့ပိုင်းတွင် ဆွေးနွေးခဲ့သည့်အတိုင်း အုပ်စုများထံ တာဝန်လက်လွှဲပေးခြင်းသည် မရိုးဖြောင့်သော အပြုအမူများကို ဖြစ်စေနိုင်ပါသည်။ လူတိုင်းသာ ခိုးယူနေကြလျှင် အနည်းအကျဉ်းခိုးယူခြင်းက လွယ်ကူနေပေမည်။ ခိုးယူခြင်းကြောင့် ဖြစ်ပေါ်လာသည့် အကျိုးဆက်ဆိုးများကလည်း အနည်းအကျဉ်းမျှသာ ရှိနေပေသည်။ မိမိတို့ကိုယ်တိုင်ပင် မိမိကိုယ်ကို ရိုးဖြောင့်သူဟု ပြောနေသည့် တစ်ချိန်တည်းမှာပင် ခိုးယူနေကြသည်များလည်း ရှိနေနိုင်ပါသည်။ အမှားများနှင့် မရေရာမှုများကို ခွင့်ပြုနိုင်သောပုံစံ (Fudge Factor) အရ အနည်းငယ်ခိုးယူခြင်းနှင့် မိမိကိုယ်မိမိ ရိုးသားဖြောင့်မတ်သူများအဖြစ် မှတ်ယူခြင်းတို့သည် မိမိကိုယ်မိမိနှင့် ကမ္ဘာကြီးအပေါ် တလွဲရှုမြင်နေခြင်းဖြင့်သာ အဆုံးသတ်မည်ဖြစ်သည်။

၃၃။ "(ရိုးဖြောင့်မှု) မရိုးဖြောင့်မှုနှင့်စပ်လျဉ်းသည့် အမှန်တရား" စာအုပ်တွင် စာရေးသူ ဒန်အရီလီ (Dan Ariely) (၂၀၁၂) က အလိုရှိရာ ရယူလိုခြင်းနှင့် ကောင်းမွန်လိုခြင်းတို့အကြားရှိ ကွဲလွဲမှုအား ဖော်ထုတ်ရေးသားထားပါသည် (http://www.youtube.com/watch?v= XBmJay_qdNc)။ အဆိုပါကွဲလွဲမှုတွင် "လူအနည်းငယ်သာ အရည်ထူသော လိမ်လည်သူများဖြစ်လာသည်" ဟူသော အချက်ကို ထောက်ပြရှင်းလင်းထားပါသည်။ တစ်ဖက်တွင်လည်း လူအများစုမှာ အနည်းငယ် လိမ်လည်တတ်သူများဖြစ်သည် ဟူသော အချက်ကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။ အကြောင်းမှာ အဆိုပါကွဲလွဲမှုက မိမိတို့အား ကမ္ဘာကြီးနှင့် မိမိကိုယ်

တိုင်ကို အနည်းငယ် လိမ်လည်ကြသူများအဖြစ် စွဲထင်နေသော မှန်ဘီလူးမှတစ်ဆင့် မြင်စေသည့် ကမ္ဘာလောကကြီးနှင့် လူသားများသည် အနည်းငယ် လိမ်လည်နေကြသည်ဟူသော အမြင်ကို ပြဆိုနေသောကြောင့် ဖြစ်ပါသည်။ မရိုးဖြောင့်မှုသည် နေရာတိုင်းတွင် ရှိနေနိုင်သော်လည်း အများအားဖြင့် အကန့်အသတ်ဖြင့်သာ ရှိနေတတ်ကြပါသည်။ အချို့ဖြစ်ရပ်များတွင် အသေးအဖွဲ လိမ်လည်သူများသည် ကြီးမားသော လိမ်လည်သူများ ဖြစ်လာနိုင်ပြီး အသေးအဖွဲ ဖြားယောင်းသွေးဆောင်မှုများကလည်း ကြီးမားသော လူလိမ်လူကောက်များ ဖြစ်လာအောင် တွန်းအားပေး လှုံ့ဆော်လာနိုင်ကြောင်း စာရေးသူက ရှင်းပြထားပါသည်။ သာမန်အခြေအနေများတွင် မိမိတို့ကိုယ်ပိုင်မျက်စိဖြင့် ကောင်းသည်ဟု မြင်ရသော အရာများကို မိမိတို့၏ ကျိုးကြောင်းဆင်ခြင်နိုင်မှုက လွှမ်းမိုးနိုင်စွမ်းရှိသော်လည်း အချို့ဖြစ်ရပ်များတွင် လွှမ်းမိုးနိုင်စွမ်းမရှိပေ။

၃၄။ မိမိတို့ကိုယ်ပိုင်အမြင်အရ ကျင့်ဝတ်နှင့်အညီလုပ်ဆောင်လိုမှုနှင့် ရယူလိုမှုတို့အကြားတွင် သဘောထားကွဲလွဲမှု ဖြစ်စေသည့်အရာများ ရှိပါသည်။ ဤအရာကို ထိရောက်စွာ ဆန်းစစ်ခြင်းဖြင့် အဖြေရှာနိုင်ပါသည်။ ထိုသို့ဆန်းစစ်ရာတွင် ကျင့်ဝတ်ပိုင်းဆိုင်ရာ ရှုထောင့်အရ ကောင်းမွန်သည်ဟု ယူဆရသော အရာနှင့် မိမိ၏ လိုအင်ဆန္ဒကို မသမာသော နည်းဖြင့် ဖြည့်ဆည်းခြင်းတို့မှာ တစ်ပြိုင်တည်း ဖြစ်တည်နေနိုင်ပါသည်။ ၎င်းကို စာရေးသူက ငရဲရောက်စေသည့် ယန္တရားဟု သုံးနှုန်းပါသည်။ ဤဖြစ်စဉ်အား ဟာသသရုပ်ဖော်အဖြစ် (https://www.youtube.com/watch?v=GKVLoUmtHql) ကို ကြည့်ပါ။ ဖော်ပြထားသည့် သရုပ်ဖော်မှုတွင် ကျင့်ဝတ်ပိုင်းဆိုင်ရာအရ "လုပ်သင့်သည်" ဆိုသည်ထက် ပိုမိုဆင်ခြင်စဉ်းစားခြင်းနှင့် (အကြောင်းတစ်ခုခုကြောင့်သော်လည်းကောင်း သို့မဟုတ် မိမိအတွက်မကောင်း၍ သော်လည်းကောင်း သို့မဟုတ် မိမိကိုယ်ပိုင်ပစ္စည်းမဟုတ်၍သော်လည်းကောင်း ကိတ်မုန့်အား စားရန် ရှောင်ကြဉ်ခြင်း) သွားရည်ယိုစရာ ကိတ်မုန့်အား အလွန်အမင်းစားလိုခြင်းတို့အကြား သဘောထားကွဲပြားလွန်ဆွဲနေမှုကို ပြဆိုထားပါသည်။

၃၅။ မက်လုံးပေးနေသည့် ဖွဲ့စည်းတည်ဆောက်ပုံများကို ပြောင်းလဲခြင်းဖြင့် ပြစ်မှုကို လျော့နည်းသွားရန် လူမှုရေးဆိုင်ရာ အခြေအနေများအား ပြောင်းလဲဖန်တီးသင့်ကြောင်း၊ သဘောထားကွဲလွဲမှုဖြစ်စေသည့် အကျိုးစီးပွားပဋိပက္ခများ လျော့နည်းသွားအောင် ပြုလုပ်သင့်ကြောင်း၊ သို့မှသာ ရှာကြံအကြောင်းပြလိုစိတ်များကို လျော့ပါးသွားအောင် ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း စာရေးသူ အရီလီ က အကြံပြုထားပါသည်။ အရီလီ၏စာအုပ်နှင့် အထက်

ဖော်ပြပါ အကြောင်းအရာများသည် ဤအခန်းမတိုင်မီ အကြိုလေ့ကျင့်ခန်းများပင် ဖြစ်ပါသည် (/e4j/en/integrity-ethics/module-6/exercises.html#module6exercisepre)။

၃၆။ မိမိတို့၏ ကိုယ်ပိုင်အမြင်အရ ကောင်းသည်ဟု ထင်ရသော မိမိကိုယ်တိုင်က ကောင်းသည်ကိုသာ မြင်သောအရာသည် အပြုသဘောဆောင်သည့် အရာတစ်ခုဖြစ်ပါသည်။ ကျင့်ဝတ်သည် မိမိတို့အတွက် မည်မျှအရေးကြီးပုံကို ဤအရာက မီးမောင်းထိုးပြထားပြီး ဆိုးရွားသည့် အပြုအမူများကို မပြုလုပ်မိစေရန်လည်း အတိုင်းအတာတစ်ခုအထိ ကန့်သတ်ပေးထားပါသည်။ သို့ရာတွင် မိမိတို့အပေါ် စိတ်ပိုင်းဆိုင်ရာ မသက်မသာဖြစ်မှုမှ ကာကွယ်ပေးနေသည့် ရှာကြံအကြောင်းပြလိုမှုက ဤအရာကို လွှမ်းမိုးလာပြီး ဆိုးဝါးသည့် အကျိုးဆက်များဖြစ်လာစေနိုင်ပါသည်။ မိမိတို့အတွက် ကောင်းကျိုးများ ရရှိလာစေလိမ့်မည်ဟု ယုံကြည်သည့် ဆန္ဒများရှိနေခြင်းမှာ ယေဘုယျအားဖြင့် ကောင်းသောအရာပင် ဖြစ်ပါသည်။ သို့ပါသော်လည်း စာရေးသူ အရီလီ လေ့လာခဲ့သည့်အတိုင်းပင် ကျင့်ဝတ်ပိုင်းဆိုင်ရာအရ "ဖြစ်သင့်ခြင်း" နှင့် "အလိုရှိခြင်း" များမှာ ရှာကြံအကြောင်းပြမှု၏ ကာကွယ်ပေးခြင်းသဘောနှင့် တစ်ပြိုင်နက်တည်းဖြစ်တည်လာသည့်အခါ မိမိတို့ဘဝနေထိုင်မှုအခန်းကဏ္ဍအား တိမ်းစောင်းသွားစေနိုင်ပါသည်။

## နိဂုံးချုပ် မှတ်ချက်

၃၇။ မိမိတို့ဘဝအတွက် တာဝန်ယူရသည့် အတိုင်းအဆက ကျင့်ဝတ်နှင့်ညီရေးအတွက် အချက်အချာကျပုံကို ဤအခန်းက မီးမောင်းထိုးပြထားပါသည်။ လက်မခံနိုင်လောက်သည့် လုပ်ရပ်များကို ကျူးလွန်ဖြစ်အောင် တစ်စုံတစ်ယောက်အား အုပ်စုတစ်စုက ဦးဆောင်လိုက်သည့်အခါ အဆိုပါအုပ်စုမှ ချမှတ်ထားသည့် စည်းမျဉ်းနှင့်အညီ လုပ်ဆောင်လိုက်ခြင်းဖြင့် ထိုသူမှာ မိမိလေးနက်စွာ ကိုင်စွဲထားသည့် တန်ဖိုးထားမှုများကို သစ္စာဖောက်မိသွားခဲ့သည့် ဖြစ်ရပ်ကို နောက်ပိုင်းမှသာ ပြန်သတိထားမိလာသည်။ ထိုအခါ မိမိကိုယ်မိမိ တာဝန်မယူခြင်း (အုပ်စု၏ ဦးဆောင်မှုနောက်သို့ လိုက်မိခြင်း) က မိမိဘဝအား လက်ခံနိုင်ဖွယ် မရှိသည့် အတိုင်းအတာထိရောက်အောင် အတွင်းအပြင် ယန္တရားများဖြင့် တွန်းပို့ခွင့်ပေးလိုက်သကဲ့သို့ ဖြစ်သွားရပါသည်။

၃၈။ ဖြစ်လေ့ဖြစ်ထရှိသည့် ကျင့်ဝတ်ပိုင်းဆိုင်ရာ ပျက်ယွင်းမှုများကိုလည်း အလေးအနက်ထားသင့်ပါသည်။ ဤအခန်းတွင် ဆွေးနွေးခဲ့သည့်အတိုင်းပင် ကျင့်ဝတ်ပိုင်းဆိုင်ရာ ပျက်ယွင်းမှုများက မိမိတို့ဘဝအတွက် တာဝန်ယူနိုင်စွမ်းရှိသည့်ပမာဏ ယုတ်လျော့သွားစေနိုင်ပါသည်။

ကျင့်ဝတ်ပိုင်းဆိုင်ရာ တိုးတက်မှုလုပ်ငန်းစဉ်ကို အစပျိုးရန် ဤအခန်းအား အသုံးပြုနိုင်ပါသည်။ အဆိုပါလုပ်ငန်းစဉ်သည် သာမန်အားဖြင့် အကျိုးပြုနေသည့် ယန္တရားများ၏ အဂတိလိုက်စားလိုမှုများကို တွန်းလှန်ပေးသည့်အတွက် စာသင်သားများစိတ်နှစ်၍ လုပ်ဆောင်သင့်သည့် လုပ်ငန်းစဉ်တစ်ရပ်ပင်ဖြစ်ပါသည်။




# Module 6

# Challenges to Ethical Living

2020 March

ACC Myanmar

## Introduction

1. The Module seeks to help students understand some of the psychological mechanisms that can lead one towards unethical behaviour in certain circumstances. By discussing several well-known psychological experiments, the Module highlights certain basic human features which, while often working in our favour, can sometimes lead us to act unethically. The Module seeks to motivate students to take responsibility for their lives by avoiding common pitfalls that can impair their ability to act ethically. Experimental research suggests that self-control is essential to ethical behaviour, but that self-control is like a muscle that develops with exercise and becomes fatigued by overuse (Baumeister, 1999). This shows the extent to which keeping out of harm's way is perhaps as important as working to strengthen our capacity to control ourselves. For the purposes of this Module, taking responsibility for ethical behaviour in our lives means strengthening our self-control 'muscle' and learning how to avoid situations that may lead us to do things that we would later regret. The experiments discussed in the Module were chosen because of their pedagogical value, the issues they highlight, their relevance to the lives of students, and the diversity of useful materials (including videos) available for them. There are many other psychological factors that influence ethical behaviour, which are outside of the scope of this Module (some of them are explored in Module 7 (/e4j/en/integrity-ethics/module-7/index.html)(Strategies for Ethical Action) and Module 8 (/e4j/en/integrity-ethics/module-8/index.html)(Behavioural Ethics) of the E4J Integrity and Ethics University Module Series).

2. The Module is a resource for lecturers. It provides an outline for a three-hour class but can be used for shorter or longer sessions, or extended into a full-fledged course (see: Guidelines to develop a stand-alone course (/e4j/integrity-ethics/module-6/guidelines-stand-alone-course.html)).

3. **Learning outcomes**

- Understand mechanisms that lead us to act unethically and identify their impact on one's own life
- Explain and demonstrate how these mechanisms can play both positive and negative roles in our lives
- Understand the relationship between taking responsibility and being ethical, and how this applies to one's own life
- Gain insights that could facilitate working towards ethical improvement

**Key issues**

4. Mainstream approaches to ethics education often ask students to reflect on ethical matters in the hope that they will thus learn to live more ethically. This Module offers an alternative approach by focusing on the close relationship between ethical living and living without self-deception. The approach of this Module is based on the observation that a mere intellectual commitment to being ethical does not have a measurable impact on ethical conduct. Thus, for example,a study (http://www.faculty.ucr.edu/~eschwitz/SchwitzPapers/EthSelfRep-110316.pdf) by philosophers Eric Schwitzgebel and Joshua Rust has shown that moral philosophers are on average no more ethical than anyone else (2013). This suggests that things other than having an intellectual understanding of ethics seem to be required to translate this intellectual commitment into action. In this light, we may wish to reconsider the standard way in which we teach ethics, and move beyond discussing ethics as an intellectual exercise. This Module aims to unsettle student understanding of what they should be looking for when seeking to improve themselves from an ethical point of view.

5. The approach of this Module draws inspiration from diverse thinkers from around the world that do not necessarily fit comfortably into any of the standard

ethical theories discussed in Integrity and Ethics Module 1 (/e4j/en/integrity-ethics/module-1/index.html) (Introduction and Conceptual Framework), namely: utilitarianism, deontology or virtue ethics. One philosopher that has influenced this Module's approach is Albert Camus (1913-1960). For him, ethical living amounts to living lucidly, that is, without self-deception. Camus has little interest in finding theoretical foundations or ultimate justifications for ethics. Rather, his aim is to invite us to see and feel how ethics is part of the human condition. He shares this approach with philosophers as diverse as Ludwig Wittgenstein (1889-1951), Mary Midgley (1919- ) and Philip Hallie (1922-1994).

6. Steve Biko (1946-1977) and Frantz Omar Fanon (1925-1961) are also significant influences given the central role that they attribute to social conditions in forming minds and their concern for what could be described as self-ascribed bigotry (inferiority complex, as they call it). Related to Biko's and Fanon's concerns are those of social psychology and behavioural economics. Both of these empirical disciplines have played significant roles in inspiring the approach to ethics informing this Module. The reason for listing these thinkers here is to invite lecturers to engage with them to deepen their understanding of the material covered in this Module. However, one can teach the course without having engaged directly with the work of the above philosophers and social scientists.

7. This Module examines some of the internal and external forces that can threaten our autonomy as agents and undermine our ability to drive our lives as ethical beings. It shows that these forces, while typically playing very positive roles in our lives, can lead us to act unethically if we are not attentive and if we cannot resist becoming passive followers of the norms of our times, places and natural inclinations. The Module aims to inspire students to become aware of these pitfalls, become committed to avoiding them, and live ethically as

responsible agents. It will give students a taste of the complexity of living ethically and show them the extent to which taking responsibility for our lives is a central aspect not only of living ethically, but also, more broadly, living lives that we will deem worthwhile.

**The challenge of living ethically**

8. We are ethical creatures by nature, guided through life by normative considerations. As shown in this video (https://www.youtube.com/watch?v=FRvVFW85IcU), research suggests that even pre–linguistic infants exhibit signs of possessing ethical prototypes that become ethical in the full sense after a long process of socialization (see also Bloom, 2013). Another example that illustrates the claim that at a basic level we all strive to be ethical is that people almost always rationalize (i.e. use reasons to trick ourselves into believing what is not the case) in the direction of making themselves seem better from a moral point of view than they actually are (Ariely, 2012; Tavris and Aronson, 2015). This is not simply because we want to be acknowledged by others, but it is also a matter of self–esteem, of avoiding painful inner conflicts.

9. Take the following example: when some accountants adjust the accounts to deceive, they seldom – if ever – do so out of ignorance, in the sense of failing to understand that this is unethical. Trying to enlighten such accountants by informing them that they violated the moral law is not typically an effective strategy for behavioural modification. At some level, they realize that they are doing wrong, but they tell themselves dissonance–reducing stories, or rationalizations that make it seem as if their behaviour is not only acceptable, but even perhaps heroic.

10. We tell ourselves these sorts of stories all the time. Typically, we rationalize when trying to convince ourselves that we are more moral than we actually are (Ariely, 2012). Perpetrators of atrocities typically describe themselves

as freedom fighters or something very similar to this from their perspective (Sereny, 1995). Everyday criminals tend to find attenuating circumstances, that is, excuses, for their crimes (Baumeister, 1999). They might say things like: "I did it, but that is because forces that I have little or no control over, such as upbringing and bad company, led me to do it." One thing corrupt accountants, perpetrators of mass atrocities and common-variety criminals have in common is that they rationalize their behaviour, as does everyone else.

11. It is worth noting that rationalization typically happens in the direction of exculpation (Ariely, 2012; Tavris and Aronson, 2015). We rarely come across morally exemplary individuals who try to convince themselves that they are morally bankrupt. This is further evidence that at a basic level we all seek to be ethical. Related to the concept of rationalization is the 'Fudge Factor', a term referring to the extent to which one can cheat and still feel good about oneself because of the pull of powerful countervailing desires (Ariely, 2012).

12. If it is true that we are ethical by nature, then why is *living* ethically a problem for all of us without exception? It is a problem because, among other things, we are not only ethical beings. We are other things as well. We are, for instance, rational, pain-avoiding, pleasure-seeking, creative-storytelling, social, status-concerned, self-loving, and driven by powerful desires. We are also living in various contexts that influence how we behave and can cause us to violate our intrinsic values out of fear. Ethics is largely there to regulate our impulses, dispositions and behaviour. It arguably brings everything together into a semi-coherent tapestry called the self, something that demands ongoing concerted effort (Midgley, 2001). Things can go wrong very easily, and part of the problem is that aspects of ourselves that are typically identified as good can play dirty tricks on us.

13. Here are some examples: rationality is typically a positive quality, but, as we have seen, it also allows for the possibility of rationalization, that is, reason brought to the service of self-deception aimed at pain avoidance, particularly pain caused by the conflict between the desire to be good and the fact that we have done or want to do wrong (Ariely, 2012). In Benjamin Franklin's words:

> "So convenient a thing is it to be a reasonable creature, since it enables one to find or make a reason for everything one has a mind to do." (1962, p. 43)

14. Creative storytelling – also generally considered a positive quality – can lead us to form fantasies about ourselves that lead to unethical action. We are social beings, indeed, caring beings. But our sociality can lead us to join an unthinking mob. We care about status. This is part of caring for the self and seeking self-improvement. It is also tied up with our social natures; part of being social is that we need affirmation from others. But status concerns can lead to out-of-control materialism and an unhealthy obsession with power. Similarly, self-concern is a condition for caring for the self, for having the motivation to meet our basic needs and flourish as human beings, but it can lead to excessive self-concern, to a form of narcissism that makes us struggle to grasp others as genuine human beings. And, of course, our powerful passions can be both deeply rewarding and deeply destructive.

15. The remainder of this section explores some of the mechanisms that undermine our ability to drive our lives as ethical beings. It is important to reiterate that these mechanisms also play important positive roles in our lives. This suggests that taking responsibility for our lives requires ongoing vigilance to stop mechanisms that typically serve us well from undermining our ability to act ethically. There are many other mechanisms that affect our ability to act ethically that are outside the scope of this Module, but the discussions will ideally trigger

long-term interest in exploring such mechanisms further. Lecturers can encourage students to enhance their understandings by engaging with the readings, documentaries and movies listed in this Module.

### Selective attention and psychological distance

16. When we look at a particular scene, we never grasp everything that is there. Instead, we see some things and not others. Typically, we tend to see what solicits our attention, but what does and what does not stand out for us is largely interest relative. Selective attention plays an important positive role in our lives. It allows us to pay attention to that which interests us. If one is busy studying, then zoning out background distractions may be a very successful learning strategy. However, this ability to zone things out may blind us to other things that may be happening that demand our immediate attention (such as the presence of someone in need of urgent help). Selective attention establishes a hierarchy of relevance, indeed of value (the belief that *this* is more important than *that*), which may not accord with what we genuinely value. Importantly, selective attention is not a mechanism we have full control over. It operates largely in the background and does the job for us without our knowledge, unless we make an effort to observe its operation.

17. In a short video (https://www.youtube.com/watch?v=UtKt8YF7dgQ), Daniel Simons explains this mechanism through an experiment that provides a powerful visual representation of selective attention. Simons stresses the positive role of selective attention. He also suggests that we tend to think that we see more than we actually do. Simons observes that we need to focus our attention on something in order to see it. Exercise 1 (/e4j/en/integrity-ethics/module-6/exercises.html#module6exercise1) of this Module allows the students to experience this mechanism first hand.

18. Sometimes we may see something problematic unfolding right in front of us, but we are unable to fully grasp its significance and therefore do not respond or react properly. This basic feature of our lives, the ability to attend to some things and not to others, may not *prima facie* seem terribly relevant for understanding ourselves as ethical beings. However, the famous Good Samaritan Experiment (https://www.youtube.com/watch?v=ZfRSassEzoU) shows that we may miss many ethically salient things that present themselves to us because we are in too much of a rush (for example, to get to an appointment) to fully grasp their significance.

19. In the experiment, which is the focus of Exercise 2 (/e4j/en/integrity–ethics/module–6/exercises.html#module6exercise2) of the Module, a group of theology students see a person posing as someone in need of urgent help, but many of them fail to offer assistance. This case may not, strictly speaking, be a case of selective attention, at least not in the perceptual sense (all students see the person posing as someone in need of urgent help), but it is a case of not being able to *properly* attend to what is right in front of us. It could be argued that the students who did not aid the person in need failed to grasp salience. The failure here is not a failure of commitment or understanding, but a failure stemming from circumstances, specifically being in a rush.

20. We may miss many ethically salient things that present themselves to us because our attention is drawn away from our immediate surroundings, impairing our ability to fully grasp what we would want to grasp if we were not in a rush. What does this say, for example, about workaholic professionals and others working under extreme time pressure? As in the case of selective attention, being able to focus on the task at hand is also a very useful skill, and it is important that in most instances what goes in or what goes out of our spheres of attention happens automatically, behind our backs, so to speak. Were this not

so, the business of living our day–to–day lives would be extremely difficult and time–consuming. In fact, without selective attention we would probably not be able to get on with the actual business of living our lives. Therefore, shortcuts are required. In the literature, these shortcuts are known as heuristics – rules of thumb that guide our lives. They normally serve us well, but at times they can be great hindrances. The rule in this case goes something like this: focus on the task at hand and attribute less importance to those things that do not contribute directly to achieving your aims.

21. Relatedly, we can also miss the importance of something because of a phenomenon known as psychological distance, which is one of the reasons that modern warfare – for example drone warfare – is so pernicious. The physical distance of attacking parties also distances soldiers emotionally from the event, blinding them to the full significance of their actions. Psychological distance can also lead to moral apathy, without us even knowing that this mechanism is largely responsible for the apathy. Students who are interested in exploring these issues further can watch the 2015 film *Eye in the Sky* (https://www.imdb.com/title/tt2057392/) that illustrates some of the ethical challenges of drone warfare including issues related to privacy, surveillance and human rights.

### Conformity, obedience, and the bystander effect

22. The influential Solomon Asch experiment (https://www.youtube.com/watch?v=NyDDyT1lDhA) vividly shows the extent to which we tend to model our judgments on the judgments of others. One of the reasons it is such a powerful experiment is its simplicity. Asch asks experimental subjects to compare line lengths and to match lines of equal length with one another. In each enactment of the experiment, all but one of those answering questions are confederates of the experiment (that is, actors who are instructed to deliberately give wrong answers). Only one participant is the subject of the experiment, the person

whose reactions are being measured. The subject of the experiment does not know that all other participants who are asked to give answers are confederates of the experiment. In most cases, subjects of the experiment repeated the replies of the actors, showing the extent to which peer pressure can affect our ability to see what is right in front of us. Even in basic low-stake situations, such as those created in Asch's experiment, we observe that people tend to follow the lead of the group. Asch's experiment also shows that either we tend to conform because we do not want to create conflict by disagreeing with others (normative conformity) or because we genuinely come to see things in the wrong way because of group pressure (informational conformity). Normative conformity is driven by the explicitly endorsed norm that we should not puncture group conformity. Informational conformity is named as such because the failing happens at the level of perception. The information given to us by the senses is distorted. Asch's experiment also shows us how the pull of conformity can be weakened by the presence of a partner (an actor) who is asked by the experimenter to give the right answers to the questions regarding line lengths. Another variation of the experiment shows that asking subjects to give their answers in writing rather than orally radically changes the results of the experiment. This experiment is the focus of Exercise 3 (/e4j/en/integrity-ethics/module-6/exercises.html#module6exercise3) of the Module. For more information on the experiment see Asch's "Opinions and Social Pressure" (http://www.lucs.lu.se/wp-content/uploads/2015/02/Asch-1955-Opinions-and Social-Pressure.pdf).

23. We move on now from conformity to obedience to authority. In Stanley Milgram's controversial obedience experiment (https://www.youtube.com/watch?v=y9l_puxcrlM), "teachers" were asked by the "authority figure" to punish "learners" by flicking a switch which they thought produced escalating electrical

shocks. This experiment, which is the focus of Exercise 4 (/e4j/en/integrity-ethics/module-6/exercises.html#module6exercise4) of the Module, shows that there is a strong tendency among humans to follow the dictates of authority figures, including when following the instructions of an authority figure can be extremely harmful, even lethal, to others. Milgram's conclusion is not that people tend to be morally bereft. Rather, his conclusion is that obedience can lead good people to do bad things. Obedience, like conformity, plays a very important positive role in society, but we can end up doing terrible things if we blindly succumb to the pull of obedience. This has serious implications for leadership and hierarchy in organizations (Milgram, 1973).

24. It should be noted that only a minority of experimental subjects unquestionably flicked the switches. Typically, experimental subjects try to resist the pull of authority figures. In the end, however, well over 50% of experimental subjects, teachers as they are called in the experiment, ended up punishing the learner with what they thought were potentially lethal shocks (even more staggeringly, most subjects tended to continue punishing the learner with shocks of increasingly higher voltages, even after they thought that the learner was unconscious, completely defeating the aims of what they were told the experiment was about). The pull of authority figures tends to trump countervailing forces within us and one sees this clearly when observing the tremendous amount of dissonance typically experienced by participants.

25. One key factor playing a role in participant behaviour is a common psychological mechanism which could be described as "passing the buck", or deferring responsibility to others. Having a sense that the responsibility is entirely on the shoulders of an authority figure can relieve us from the unpleasantries of guilt, making it easier for us to act in ways that we would regret if we had a chance to sit back and reflect on our actions (for a rich and

influential discussion of this topic see Arendt, 2006, particularly where the author addresses the inability of Adolf Eichmann to take responsibility for his actions). Similarly, we often pass on the responsibility to groups, feeling that "if everyone else is doing it, then why can't I?" It should also be stressed that psychological mechanisms such as these are triggered in specific circumstances. In the case of the Milgram experiment, participants were put under considerable pressure by an authority figure. They could, however, only be put under pressure because we are prone to follow the dictates of those we consider to be authority figures. Psychological and environmental factors act together to produce these sorts of results.

26. If we are thinking of avoiding situations, such as those present in the Milgram experiment, we need to think both about training ourselves to recognize when and where not to succumb to the pressure of authority figures as well as about changing environmental circumstance and, for instance, considering leadership styles that are less prone to encourage obedience beyond the limits of the acceptable.

27. A related phenomenon worth discussing is that of diffusion of responsibility, for example where subjects tend to feel less responsible for helping someone in need if others are also present. Taking responsibility can be a difficult and sometimes risky affair, so we often prefer to pass on the responsibility to others. However, it is also the case, and this speaks to the issue of conformity, that when others are present we tend to mirror our behaviour on that of others, something that does not happen as readily when there is only one potential helper available. It has also been shown that the phenomenon of diffusion of responsibility is punctured when someone takes the lead and helps. The phenomenon of diffusion of responsibility is one of the principle mechanisms that accounts for the Bystander Effect (https://www.youtube.com/watch?v=

z4S1LLrSzVE)(Garcia, 2002). A thought-provoking case that triggered bystander research is the case of the murder of Kitty Genovese (https://www.youtube.com/watch?v=kovZ6z-73vA).

### Situationism

28. Another feature that can have a deep impact on how we behave, often driving unethical behaviour, are the roles we play in specific environments. This has been illustrated in the Stanford Prison Experiment (https://www.youtube.com/watch?v=sZwfNs1pqG0). In this experiment from 1971, which is the focus of Exercise 5 (/e4j/en/integrity-ethics/module-6/exercises.html#module6exercise5) of the Module, the psychological effects of perceived power and related environmental or situational factors were investigated. The experiment involved volunteer students who assumed the roles of guards and prisoners. While this was one of the most controversial psychological experiments ever conducted, there are many extremely interesting insights that we can draw from it. These reveal the extent to which situational factors can influence behaviour, including the extent to which the roles we play in specific environments can have a deep impact on how we behave. This is known as the problem of situationism.

29. Although the experiment has recently come under scrutiny in the media, its results are consistent with many other experiments the results of which are widely accepted by the scientific community, some of which are included in this Module (Selective Attention, Conformity, Solomon Asch's Experiment, The Milgram Obedience Experiment and The Bystander Effect). Click here (https://medium.com/s/trustissues/the-lifespan-of-a-lie-d869212b1f62) for the journalistic piece critiquing the experiment and click here (http://www.prisonexp.org/response) for a reply from Zimbardo. It may be worth discussing this controversy with students. Even Zimbardo agrees that his experiment is unethical, and it is clear that the experiment is, to put it mildly, irregular from the scientific point of view,

but it has captured the imagination of generations, arguably because it highlights the extent to which acquiring mastery over our lives is always an imperfect achievement and the consequences of losing control over our lives can be extremely high. Much cutting edge work in psychology and cognate disciplines is pointing in this direction. So, although Zimbardo's experiment is questionable from the ethical and scientific points of view, it nevertheless nicely exemplifies features of our lives that may be hard to accept, but which we ought to accept if we are genuinely committed to doing the hard work of bettering ourselves from the moral point of view.

30. The pull to conform, to defer to authority, to pass the buck, to focus too much on the specific task at hand, and to lose ourselves in our roles, impaired the abilities of the experiment participants to distance themselves from the forces pushing them to act as they did, setting them down the path of becoming ruthless guards or humiliated and emotionally broken prisoners. The uniforms–reflective sunglasses, batons, chains, and prisoner gowns–the replacement of names for numbers and of real names for nicknames, such as 'John Wayne', helped participants forget that they were in a mock prison situation. Some scholars, most notably John M. Doris (2002), defend the view that experiments such as this one show that people do not really have characters. If circumstances play such a decisive role in affecting the ways we behave, Doris argues, then it is not character that motivates people to act, but circumstances. This extreme position, however, can certainly be questioned. After all, not all guards behaved in the same way and the same can be said about the prisoners. In fact, behaviour patterns varied significantly among participants, although they were all in one way or another deeply influenced by their particular situation.

31. It should be stressed that conformity plays an extremely important positive social role. The power of situation is also important in a positive way. It

allows us to adapt quickly to situations, for instance. The ease with which we adapt, however, has pitfalls that are highlighted by the Stanford Prison Experiment. It should be noted that this discussion is related to debates about the impact of the environment and design of a particular organization on ethical behaviour, which are explored in Integrity and Ethics Module 8 (/e4j/en/integrity-ethics/module-8/index.html) (Behavioural Ethics).

**Dishonesty**

32. The tendency discussed earlier to pass on the responsibility to groups can also lead to dishonest behaviour. It is easy to steal a little if everyone is doing it, the adverse consequences of stealing are minimal and, crucially, if we are able to tell ourselves stories that make us look like good honest people *and* steal at the same time. However, as the Fudge Factor tells us, the cost of stealing a little and thinking of ourselves as good honest people is that we end up distorting the lenses through which we see the world and, perhaps most importantly, ourselves.

33. In his book The (Honest) Truth About Dishonesty (https://www.youtube.com/watch?v=XBmJay_qdNc), Dan Ariely (2012) identifies a dissonance between wanting to be good and wanting to have things that we desire. This dissonance accounts for the fact that very few people will become hardened crooks. It also accounts for the fact that many of us are little cheaters, as this dissonance leads us to see the world and ourselves through distorted lenses living as little cheaters. In other words, dishonesty is everywhere but it is almost always kept within bounds. He also explains why in some cases small cheaters become big ones, why a series of small temptations motivate some to switch over and become big cheaters, to give in to temptation. In typical circumstances the pull to look good in our own eyes is not completely defeated by our rationalizing tendencies, but in some cases it can be.

| **11** | Conclusion | Concluding remark and discussion based on a viewing of *The Push* (https://www.youtube.com/watch?v=doFpACkiZ2Q) and *This is Water* (http://www.youtube.com/watch?v= 8CrOL–ydFMI). Discuss. How does the commen–cement speech in the latter film speak to the aims of the course? |




# အခန်း(၇)

## ကျင့်ဝတ်ဆိုင်ရာအပြုအမူအတွက် မဟာဗျူဟာမြောက်နည်းလမ်းများ

၂၀၂၀ မတ် လ

ACC Myanmar

**နိဒါန်း**

၁။ ဤအခန်းတွင် လုပ်ငန်းခွင်များ (အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများ)၊ တက္ကသိုလ်၊ လူမှုအဖွဲ့အစည်းနှင့် ဘဝတွင် ကျင့်ဝတ်ဆိုင်ရာအရေးယူဆောင်ရွက်မှုအတွက် လက်တွေ့ကျသော နည်းဗျူဟာများကို မိတ်ဆက်ပေးထားပါသည်။ အခန်း (၆) ကျင့်ဝတ်နှင့်အညီ နေထိုင်ရေးဆိုင်ရာ စိန်ခေါ်မှုနှင့် အခန်း (၈) အပြုအမူနှင့်ဆိုင်သော ကျင့်ဝတ်တို့တွင် ဆွေးနွေးသကဲ့သို့ များစွာသော စိတ်ပိုင်းဆိုင်ရာ ပင်ကိုစရိုက်နှင့်ဆက်စပ်နေသော မှန်ကန်သောအမှုကို ပြုလုပ်ရန် ခက်ခဲစေသည့် ဖိအားပေးမှုများရှိသည်။ လက်ရှိသင်ခန်းစာတွင် စေတနာကောင်းရှိသော လူများအား ထိုအတားအဆီးအချို့ကို ကျော်လွှားရန် လက်တွေ့ကျသော နည်းဗျူဟာများစွာကိုဆွေးနွေးထားသည်။ ဤအခန်းတွင် စူးစမ်းရှာဖွေထားသော နည်းဗျူဟာများသည် ကျင့်ဝတ်ဆိုင်ရာအပြုအမူကို ဟန့်တားစေသော စိန်ခေါ်မှုများနှင့် မမျှော်လင့်သော အန္တရာယ်များကို အသိပညာပေးရုံထက်ကျော်လွန်၍ စူးစမ်းထားသော နည်းဗျူဟာများဖြစ်သည်။ အဆိုပါနည်းဗျူဟာများသည် ကျင့်ဝတ်နှင့်အညီ ပြုမူနိုင်စွမ်းကို တည်ဆောက်ပေးသော၊ စည်းရုံးလှုပ်ရှားမှုကို အခြေခံသည့် ချဉ်းကပ်နည်း သို့မဟုတ် နည်းစနစ်များဖြစ်ကြသည်။ ဥပမာ- ကျင့်ဝတ်သိက္ခာနှင့်အညီ နေထိုင်သူများကို ၎င်းတို့၏ ပင်ကိုစရိုက်နှင့် ဆန့်ကျင်ဘက်သို့ ဦးတည်သွားစေမည့် အခြေအနေမျိုးတွင် ဇာတ်ညွှန်းများရေးသားခြင်း၊ လှုပ်ရှားမှုအစီအစဉ်ရေးဆွဲခြင်း၊ အစမ်းလေ့ကျင့်ခြင်းနှင့် သက်တူရွယ်တူ ထိန်းကျောင်းခြင်းတို့သည် ကျင့်ဝတ်ဆိုင်ရာ စိန်ခေါ်မှုများကို မည်မျှအတိုင်းအတာအထိ ကူညီလမ်းပြပေးနိုင်သည်ကို ပြသမှာဖြစ်သည်။ ဤလှုပ်ရှားမှု အခြေခံချဉ်းကပ်နည်းသည် ကျင့်ဝတ်နှင့်အညီ ပြုမူနိုင်စွမ်းကို သင်တန်းများ၊ ကောင်းမွန်သော လက်တွေ့ဥပမာများမှတစ်ဆင့် တည်ဆောက်နိုင်ကြောင်းကို သုတေသနများ၊ အတွေ့အကြုံများကို အခြေခံ၍ရေးဆွဲထားသော ချဉ်းကပ်နည်းဖြစ်သည်။

၂။ ဤအခန်းသည် ဆရာလမ်းညွှန်စာအုပ်အဖြစ် ပြုစုထားခြင်းဖြစ်ပြီး (၃) နာရီသင်တန်းတစ်ခုအတွက် ပြုစုထားခြင်းဖြစ်သော်လည်း ထိုထက်ပို၍သော်လည်းကောင်း၊ လျော့၍သော်လည်းကောင်း ပို့ချပေးနိုင်မည်ဖြစ်သည်။ သီးခြားသင်ရိုးတစ်ခုအဖြစ်လည်း သင်ကြားနိုင်ပါသည်။(/e4j/integrity-ethics/module-7/guidelines-stand-alone-course.html ကို ကြည့်ပါ။)

## ၃။ သင်ယူခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများ

- ကျင့်ဝတ်ဆိုင်ရာ အရေးယူမှုများအတွက် သာမန်စိတ်ပိုင်းဆိုင်ရာနှင့် ဆက်စပ်နေသော အတားအဆီးကို မည်သို့ကျော်လွှားမည်ကို နားလည်ရန်၊
- ကွဲပြားခြားနားသော ကဏ္ဍများနှင့် နယ်ပယ်များတွင် ဖွံ့ဖြိုးတိုးတက်ပြီးသော ကျင့်ဝတ်ဆိုင်ရာ အရေးယူဆောင်ရွက်မှုများအတွက် မဟာဗျူဟာ ချမှတ်ရန်၊
- ကျင့်ဝတ်ဆိုင်ရာ အပြုအမူများနှင့်ပတ်သက်၍ ပြဋ္ဌာန်းနိုင်ရန်၊ ဓာတ်ညွှန်းများကို ဖန်တီးမွမ်းမံဖြန့်ဝေရန်နှင့် ယင်းအလေ့အထကိုလည်း တည်ဆောက်ရန်၊
- ပိုမိုထိရောက်သော ပြောင်းလဲမှု အကျိုးဆောင်များဖြစ်လာရန်၊
- လုပ်ငန်းခွင်ကျင့်ဝတ်ဆိုင်ရာ ပဋိပက္ခများတွင် သက်တူရွယ်တူထိန်းကျောင်းခြင်း နည်းစနစ်ကို သုံးရန်။

## ဆွေးနွေးသွားမည့် အဓိကအကြောင်းအရာများ

၄။ ယေဘုယျအားဖြင့် လူအများစုသည် မည်သည့်အရာက မှန်သည်ကို သိကြသည်။ ဤအသိပညာအပေါ်တွင် အခြေပြု၍ မှန်ကန်စွာ ဆုံးဖြတ်နိုင်ကြသည်။ သို့သော် များစွာသော အဟန့်အတားများကြောင့် ၎င်းတို့၏ ရိုးသားဖြောင့်မတ်မှုကို ထင်ဟပ်စေသည့် အပြုအမူများကို ဆောင်ရွက်နိုင်ခြင်း မရှိပေ။ ကျင့်ဝတ်ဆိုင်ရာ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရန် အထောက်အကူပြုနိုင်သော လက်တွေ့ဆန်သော မဟာဗျူဟာများအား ဤအခန်းမှ ဖော်ထုတ်ပေးထားပါသည်။ ကွဲပြားသောအချက်များမှာ ဆုံးဖြတ်ချက်ချခြင်းအဆင့် သို့မဟုတ် စိတ်နေသဘောထားဖြစ်သည်။

၅။ ကျင့်ဝတ်ဆိုင်ရာဆောင်ရွက်ခြင်းအတွက် လက်တွေ့မဟာဗျူဟာများကို နှစ်မျိုးခွဲခြားထားသည်။ အဖွဲ့အစည်းအဆင့်တွင် လက်တွေ့လုပ်ဆောင်နေသူများနှင့် တစ်ဦးချင်းလုပ်ဆောင်နေသူများကို အဓိကထားသည်။ အဖွဲ့အစည်းအဆင့်တွင် တစ်ဦးချင်းစီအား ကြောက်ရွံ့ခြင်းမရှိဘဲ စကားပြောဆိုနိုင်သည့် ပတ်ဝန်းကျင်ကို ဖန်တီးရန် ဦးတည်သည်။ စာပေများတွင် ဤပတ်ဝန်းကျင်ကို တရားမျှတသော ယဉ်ကျေးမှု၊ ပြစ်တင်မှုမရှိသည့် ယဉ်ကျေးမှု သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ လုံခြုံသောပတ်ဝန်းကျင်ဟူ၍ ရည်ညွှန်းသည်။ များစွာသော အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများသည် အမှားယွင်းများ သို့မဟုတ် ကျင့်ဝတ်နှင့် မညီညွတ်သော အလေ့အကျင့်များကို အစောဆုံးတွေ့ရှိရန်နှင့် ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်ရန်အတွက် ဤသို့သော အဖွဲ့အစည်းဆိုင်ရာယဉ်ကျေးမှုကို စတင်ကျင့်သုံးလာကြသည်။ အပြစ်တင်မှုမရှိ

သော ယဉ်ကျေးမှုသည် ထုတ်ဖော်ခြင်းကိုအားပေးရုံသာမက အဖွဲ့အစည်းကို လေ့လာသင်ယူစေနိုင်ပြီး တိုးတက်မှုကိုဖြစ်စေသည်။ ဆန့်ကျင်ဘက်အနေဖြင့် တစ်ဦးချင်းအဆင့်တွင် ခက်ခဲသော အခြေအနေတွင်ပင် ကျင့်ဝတ်ဆိုင်ရာ ဆောင်ရွက်မှုစွမ်းရည်ကို တည်ထောင်ရန်ဖြစ်သည်။ အဖွဲ့အစည်းဆိုင်ရာ ယဉ်ကျေးမှုသည် ကျင့်ဝတ်ဆိုင်ရာ အရေးယူဆောင်ရွက်မှုကို အထောက်အကူမပြုပေ။ တစ်ဦးချင်းအဆင့် ချဉ်းကပ်မှုတွင် ကိုယ်ကျင့်စွမ်းရည်ကို ကိုယ်ကျင့်တရား ကြွက်သားများဟု သတ်မှတ်၍ ခန္ဓာကိုယ်အတွင်းရှိ အခြားကြွက်သားများကဲ့သို့ပင် သန်မာစေရန် ယင်းကြွက်သားများကို လေ့ကျင့်ပေးနိုင်သည်ဟု မှတ်ယူသည်။ ဤချဉ်းကပ်နည်း (၂) မျိုးစလုံးကို အောက်ဖော်ပြပါ စာပိုဒ်များတွင် သင်ခန်းစာ လေ့ကျင့်ခန်းများအဖြစ် သရုပ်ဖော်ပြသထားပါသည်။

## အဖွဲ့အစည်းဆိုင်ရာ အဆင့်သတ်မှတ်ချက်– ကောင်းမွန်သော ပတ်ဝန်းကျင်ဖန်တီးခြင်း

၆။ သုတေသနစာတမ်း၌ လူတစ်ဦးတစ်ယောက်ချင်းသည် အမှားပြုလုပ်မိရာတွင်လည်းကောင်း သို့မဟုတ် ကျင့်ဝတ်နှင့်မညီသော အပြုအမူကို ပြုမူမိရာတွင်လည်းကောင်း ရရှိမည့် အကျိုးဆက်များကို ကြောက်ရွံ့မှုများကြောင့် ထုတ်ဖော်ပြောဆိုမှု မပြုခြင်းဖြစ်သည်ဟု ဖော်ပြထားပါသည် (Kish– Gephart et al., 2009)။ ကြောက်ရွံ့ခြင်းသည် မကောင်းသော အတွေ့အကြုံများမှ ဖြစ်ပေါ်သည်သာမက ဖွင့်ဟထုတ်ဖော်ပြီးနောက် ပေါ်ပေါက်လာနိုင်သည့် အကျိုးဆက်များဖြစ်သည့် အပြစ်ပေးခြင်းခံရနိုင်သည့် အခြေအနေများကို နားလည်ခြင်းမှလည်း ဖြစ်ပေါ်လာနိုင်ပါသည်။ အဆိုပါကြောက်ရွံ့မှုသည် အဖွဲ့အစည်းများအတွက် ဂယက်ရိုက်ခတ်မှုများ ဖြစ်ပေါ်စေပါသည်။ ဥပမာအားဖြင့် ကုမ္ပဏီ A သည် အမြောက်အမြားထုတ်လုပ်မည့် ကားအသစ်ဒီဇိုင်းတစ်မျိုးအတွက် မော်တော်ယာဉ် အစိတ်အပိုင်းများကို ထုတ်လုပ်ပါသည်။ သို့သော် ကုမ္ပဏီ A ၏ ထုတ်လုပ်ရေးအရာရှိသည် မော်တော်ယာဉ် အစိတ်အပိုင်းများ ထုတ်လုပ်ရာတွင် သူ သို့မဟုတ် သူမ တာဝန်ယူထားသောအပိုင်း၌ ချို့ယွင်းမှုရှိနေသည်ကို တွေ့ရှိခဲ့ပါသည်။ ထို့ကြောင့် ထုတ်လုပ်ရေးအရာရှိသည် ပြဿနာပေါ်လာပြီး သူ သို့မဟုတ် သူမအား အပြစ်ပေးခံရခြင်း သို့မဟုတ် အလုပ်ထုတ်ခြင်းခံရမည်စိုးသောကြောင့် ၎င်း၏အပြစ်အား ဖွင့်မပြောရန် ဆုံးဖြတ်ခဲ့ပါသည်။ လအနည်းငယ်ကြာပြီးနောက် ကုမ္ပဏီ A မှ ထုတ်သော မော်တော်ယာဉ် အစိတ်အပိုင်းများသည် အန္တရာယ်ရှိသောပစ္စည်းများ ဖြစ်သည်ကို တွေ့ရှိခဲ့ရသည်။ ကုမ္ပဏီ A သည် ၎င်း၏ ဂုဏ်သိက္ခာကို ထိခိုက်စေပြီး အပိုငွေကုန်ကျမှုများ ဖြစ်စေခဲ့သည့် ချို့ယွင်းသောအစိတ်အပိုင်းများကိုလဲလှယ်ရန်အတွက် ကားထောင်ပေါင်း

များစွာကို ပြန်လည်သိမ်းဆည်းရမည်ဖြစ်ပါသည်။ စုံစမ်းစစ်ဆေးမှုအရ ချို့ယွင်းမှုကို အစောပိုင်း အခြေအနေတွင် တွေ့ရှိခဲ့ပါက ပျက်စီးဆုံးရှုံးမှုကို တားဆီးနိုင်မည်ဖြစ်ပြီး ဖြစ်နိုင်ခြေရှိသော အန္တရာယ်ကို ရှောင်လွှဲနိုင်မည်ဖြစ်ပါသည်။

၇။ အထက်ဖော်ပြပါ ဥပမာ၏ ဆိုလိုရင်းသည် အမျိုးမျိုးသော အဖွဲ့အစည်းအားလုံးနှင့် သက်ဆိုင်ပြီး အချို့သောကဏ္ဍများသည် မိမိတို့၏ဝန်ထမ်းများအား ပွင့်ပွင့်လင်းလင်း ပြောဆိုရန် အထူးတက်ကြွစွာ အားပေးတိုက်တွန်းခဲ့သည်။ ထိုကဲ့သို့ တက်ကြွစွာပါဝင်ခဲ့သည့် အချို့သော ကဏ္ဍများမှာ လေကြောင်းလုပ်ငန်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် စစ်ဖက်ရေးရာ ဆောင်ရွက်မှုများဖြစ်သည်။ ၎င်းကဏ္ဍများရှိ အချို့သောနေရာများ၌ ဘေးကင်းလုံခြုံမှုဆိုင်ရာ မတော်တဆမှုများ သို့မဟုတ် ဖြစ်နိုင်ချေရှိသော ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်သောကြောင့် အမှားများမှ သင်ခန်းစာယူရန် မရှိမဖြစ်လိုအပ်သည်။ ဝန်ထမ်းများကို ပွင့်ပွင့်လင်းလင်း ပြောဆိုရန် တွန်းအားပေးဆောင်ရွက်ရာတွင် တရားမျှတသော ယဉ်ကျေးမှုဆိုင်ရာ ယူဆချက်တစ်ခု ပေါ်ပေါက်လာပါသည်။ အဆိုပါယူဆချက်သည် အပြစ်ပေးခံရမည့်အစား လူတစ်ဦးချင်းအနေဖြင့် ၎င်းတို့၏အမှားများမှ သင်ခန်းစာယူရန်ဖော်ဆောင်ပေးသည့် ပတ်ဝန်းကျင်တစ်ခုကို ရည်ညွှန်း ပါသည်။

၈။ Eurocontrol ဟုခေါ်သည့် လေကြောင်းအဖွဲ့အစည်းမှ ထုတ်ဝေသည့် ဆောင်းပါး တိုတစ်ပုဒ် (http://www.eurocontrol.int/articles/just-culture) ၌ လေကြောင်းလုပ်ငန်း တွင် တရားမျှတသော ယဉ်ကျေးမှုနယ်ပယ်သည် အရေးပါကြောင်း အလေးပေးဖော်ပြထားပါ သည်။ လေယာဉ်မှူးများကို ဒဏ်ငွေရိုက်ခြင်း သို့မဟုတ် ၎င်းတို့၏ လိုင်စင်ကို ဆိုင်းငံ့ခြင်းသည် အမှားများကို အစီရင်ခံခြင်းအား ဟန့်တားရာရောက်စေသဖြင့် လုံခြုံရေးဆိုင်ရာ သတင်း အချက်အလက်များရရှိနိုင်မှုကို လျော့ပါးသွားစေသည်ဟု ရှင်းပြထားပါသည်။ အဆိုပါ ဆောင်းပါး က တရားမျှတသော ယဉ်ကျေးမှုဟူသော အယူအဆကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင် ရှေ့တန်းမှ ဆောင်ရွက်သူများနှင့် အခြားသူများသည် ၎င်းတို့၏ အတွေ့အကြုံ၊ သင်ယူရမှုများအရ ပြုမှု ဆောင်ရွက်မှုများ၊ ဆုံးဖြတ်ချက်များအတွက် ပြစ်ဒဏ်ပေးမှုမရှိသော ယဉ်ကျေးမှုဟု ဆိုသည်။ သို့သော် "ကြီးမားသော ပေါ့ဆမှု၊ တမင်ချိုးဖောက်မှုများနှင့် အဖျက်လုပ်ရပ်များကို ခွင့်မလွှတ် သော ယဉ်ကျေးမှုတစ်ရပ်" ဟုလည်း အဓိပ္ပါယ်ဖွင့်ဆိုပါသည်။

၉။ အဆိုပါအဓိပ္ပာယ်ဖွင့်ဆိုချက်တွင် မျှတသော ယဉ်ကျေးမှုကို လက်ခံကျင့်သုံးရာတွင် လူတစ်ဦးချင်းစီသည် ဥပဒေအထက်တွင်ရှိသည်ဟု မဆိုလိုသော်လည်း ကြီးမားသော ပေါ့ဆမှု၊

တမင်ချိုးဖောက်မှုများနှင့် အဖျက်လုပ်ရပ်များကို သည်းမခံရန် အလေးပေး ဖော်ပြထားပါသည်။ သို့သော် အမှားပြုလုပ်မှုများအပေါ် အဖွဲ့အစည်းမှ အရေးယူဆောင်ရွက်မှုသည် တစ်စုံတစ်ဦးအား ဖော်ထုတ်ပြီး အပြစ်ပေးရန်မဟုတ်ဘဲ အနာဂတ်တွင် ယဉ်ကျေးမှု ပိုမိုတိုးတက်စေလိုသော စိတ်ဆန္ဒဖြင့် ဆောင်ရွက်သင့်သည်။ အဖွဲ့အစည်းဆိုင်ရာ ယဉ်ကျေးမှုတွင် အစီရင်ခံချက်များ ပေါ်ပေါက်သည့်အခါ စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ခြင်း၊ လျော့ပါးသက်သာစေမည့် ဆောင်ရွက်ချက်များကို စီမံခန့်ခွဲခြင်း (ဥပမာ-သင်တန်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ဆက်စပ်မှုများကို တိုးတက်စေခြင်း၊ လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်ခြင်း)ဖြင့် အခြားပျက်စီးဆုံးရှုံးမှုများထက် ပိုမိုသက်သာစေသော အခွင့်အရေးများကို ရရှိစေနိုင်သည်။

၁၀။ တရားမျှတသော ယဉ်ကျေးမှုဆိုင်ရာ အယူအဆသည် ကျန်းမာရေးစောင့်ရှောက်မှုနှင့် စစ်ဖက်ရေးရာကဲ့သို့သော ဘေးကင်းလုံခြုံရေးအတွက် အရေးပါသည့် လုပ်ငန်းများနှင့် သက်ဆိုင်မှုရှိပါသည်။ စစ်ဖက်ရေးရာ၌ စစ်ဆင်ရေးနှင့် သင်တန်းများပြီးနောက် ပြန်လည်သုံးသပ်ခြင်းများသည် စစ်သားများအား ၎င်းတို့၏ အမှားများနှင့် အောင်မြင်မှုများမှ သင်ခန်းစာယူနိုင်ရန်အတွက် အကူအညီ ဖြစ်စေပါသည်။ ကျန်းမာရေးကဏ္ဍတွင် ယင်းအယူအဆကို “စဉ်ဆက်မပြတ်တိုးတက်စေရန်နှင့် လူနာဘေးကင်းလုံခြုံစေရန် ဦးတည်၍ လေ့လာသင်ယူသည့် ယဉ်ကျေးမှုတစ်ရပ်” အဖြစ် အဓိပ္ပာယ်ဖွင့်ဆိုပါသည် (Boysen, 2013)။ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနှင့် တရားမျှတသော ယဉ်ကျေးမှု၏ ဆက်စပ်မှုကို အဆိုပါ ဇာတ်လမ်းတို (https://www.youtube.com/watch?v=zje7650Eggs) တွင် ရှင်းလင်းဖော်ပြထားပါသည်။ ကံမကောင်းစွာဖြင့် များစွာသော ကြီးမားသည့် ကျန်းမာရေးစောင့်ရှောက်မှုဌာနများတွင် ဆိုးဝါးသော ရလဒ်များနှင့် အပြစ်တင်ပြောဆိုသည့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများသည် တည်ရှိရင်ဆိုင်နေရဆဲဖြစ်ပါသည်။ အဆိုပါ ဆောင်းပါး (https://www.telegraph.co.uk/news/2018/06/21/gosport-nhs-blame-culture-must-end-prevent-another-hospital/) တွင် ဗြိတိန်နိုင်ငံမှ ဥပမာတစ်ခုကို ရည်ညွှန်းဖော်ပြထားပါသည်။

၁၁။ ထိုနည်းတူစွာ ပြဿနာဖြေရှင်းနိုင်စွမ်းရှိသော၊ ပွင့်လင်းမြင်သာ၍ စွမ်းဆောင်ရည်မြင့်မားသော အဖွဲ့အစည်းတစ်ရပ် ဖန်တီးနိုင်ရေးအတွက် အမှားလုပ်တတ်သော ဝန်ထမ်းများကို ပြစ်တင်ဝေဖန်ခြင်းမရှိသော ယဉ်ကျေးမှုကို သုံးခြင်းဖြင့် ကူညီထောက်ပံ့ပေးနိုင်မည်ဖြစ်ပါသည်။ (ရည်ရွယ်ပြုလုပ်ခြင်းမဟုတ်သော) အမှားအယွင်းများဖြစ်ပေါ်ခဲ့လျှင် အထောက်အကူ

ပြုသော အချက်များအားလုံးကို ဆုံးဖြတ်နိုင်ရန် အမှားဖြစ်စေသည့် အဓိကအကြောင်းအရင်းကို လေ့လာဆန်းစစ်ပြီး ဝန်ထမ်းတစ်ဦးချင်းကို အပြစ်တင်ပြောဆိုခြင်းထက် ဖြစ်စဉ်အပေါ် အဓိကထား၍ လေ့လာဆန်းစစ်ပါသည်။ ထို့ကြောင့် အဖွဲ့အစည်းသည် အမှားများမှ သင်ခန်းစာယူနိုင်ပြီး သစ္စာစောင့်သိသော ဝန်ထမ်းများလည်း ကျန်ရှိနေမည်ဖြစ်ပါသည်။

၁၂။ ထို့ပြင် ပွင့်လင်းစွာ ထုတ်ဖော်ပြောဆိုသော ယဉ်ကျေးမှုနှင့် ဝန်ထမ်းများ၏အသံအပေါ် သုတေသနပြု ဆောင်ရွက်မှုများ တိုးပွားလျက်ရှိပါသည်။ စာပေများတွင် ဝန်ထမ်းများ၏ စကားသံကို “တိုးတက်မှုနှင့် ပြောင်းလဲမှုပြုလုပ်ရန် ရည်ရွယ်၍ သင့်တော်သလို ဆောင်ရွက်မှုပြုလုပ်နိုင်မည့် ပုဂ္ဂိုလ်များအား အလုပ်နှင့်သက်ဆိုင်သော ပြဿနာများနှင့်စပ်လျဉ်း၍ ထင်မြင်ယူဆချက်များ၊ ဝန်ထမ်းတစ်ဦးချင်း၏ အကြံဉာဏ်များ၊ ယူဆချက်များ၊ စိုးရိမ်ပူပန်မှုများ၊ ပြဿနာနှင့် သက်ဆိုင်သော အချက်အလက်များကို အလွတ်သဘောနှင့် လိုအပ်သကဲ့သို့ ချိတ်ဆက်ဆောင်ရွက်ခြင်း” ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည် (Morrison, 2014)။ အဖွဲ့အစည်းများကမူ တုံ့ပြန်ဆောင်ရွက်ချက်၏ တန်ဖိုးကို မိမိတို့အဖွဲ့အစည်း တိုးတက်စေရန်၊ လိုက်လျောညီထွေဖြစ်စေရန်နှင့် တီထွင်ဆန်းသစ်ရန် နည်းလမ်းတစ်ခုအဖြစ် တိုး၍ ရှုမြင်ကြပါသည်။ ပြန်လည်သုံးသပ်ချက်အား တောင်းခံခြင်းသည် စီးပွားရေးလုပ်ငန်းရှင်များနှင့် ဝယ်ယူသူများအကြား ဆက်ဆံရေး (ဥပမာ– ခရီးသွားလုပ်ငန်း၊ အွန်လိုင်းတွင် ရောင်းဝယ်ခြင်း)တွင် တွေ့ရလေ့ရှိပြီး ကုမ္ပဏီများနှင့် အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများတွင်လည်း အဆိုပါနည်းလမ်းကို အသုံးပြုနိုင်ပါသည်။ ဝန်ထမ်းများအနေဖြင့် ပြဿနာများကို ခွဲခြားသိမြင်ရန်နှင့် ပြန်လည်သုံးသပ်ချက်များပေးရန် နေရာပေးခြင်းခံရသော်လည်း အဖွဲ့အစည်းများသည် ၎င်းတို့၏ အကြံပြုချက်များကို လက်ခံနိုင်လိမ့်မည် သို့မဟုတ် ပြန်လည်တုံ့ပြန်မှုကို ရရှိလိမ့်မည်မဟုတ်ဟု ခံစားရနိုင်ပါသည်။

၁၃။ အဖွဲ့အစည်းများအနေဖြင့် ဝန်ထမ်းများ ပွင့်လင်းစွာ ပြောဆိုနိုင်ရန် အားပေးကူညီနိုင်ရေးအတွက် ဆောင်ရွက်သင့်သည်များကို Notre Dame တက္ကသိုလ်၏ ကျင့်ဝတ်ဆိုင်ရာ ခေါင်းဆောင်မှုစင်တာမှ ထုတ်ဝေသော လက်ကမ်းစာစောင် (http://ethicalsystem.org/sites/default/files/files/Speak%20Up%20Culture_Final.pdf) တွင် ဖော်ပြထားပြီး (ethicalsystems.org) တွင်လည်း လေ့လာနိုင်ပါသည်။ အဆိုပါဆောင်ရွက်မှုများမှာ–

- ပြန်လည်သုံးသပ်ချက်ကို တက်ကြွစွာ တောင်းခံခြင်း။ ပြန်လည်သုံးသပ်ချက် တောင်းခံခြင်းအား အကဲဖြတ်ခြင်းလုပ်ငန်းစဉ်၏ အရေးပါသော အစိတ်အပိုင်း

တစ်ခုဖြစ်သင့်ပြီး အဖွဲ့အစည်းများအနေဖြင့် ဝန်ထမ်းများကို ၎င်းတို့၏ ပြန်လည်သုံးသပ်ချက်များ တောင်းခံရန်အတွက် ညှိနှိုင်းသင့်ပါသည်။ ပြန်လည်သုံးသပ်ချက်တွင် ပြောင်းလဲသည့်အရာကို ဖော်ပြခြင်းအားဖြင့် လက်ခံထားသည့် ပြန်လည်သုံးသပ်ချက်ကို လိုက်နာဆောင်ရွက်ရန် အရေးကြီးပါသည်။

- ဥပမာအားဖြင့် ဦးဆောင်ဖော်ပြခြင်း။ အဖွဲ့အစည်းတစ်ခုအနေနှင့် အပြုသဘောနှင့် အပျက်သဘောဆောင်သည့် ဥပမာနှစ်မျိုးလုံးကို ပွင့်လင်းစွာ ထုတ်ဖော်ပြောဆိုခြင်း၊ အလေးပေးဖော်ပြခြင်းအားဖြင့် ဝန်ထမ်းများ၏ ပြန်လည်သုံးသပ်ချက်ကို လိုလားကြောင်း ပြသပါသည်။
- ပုံမှန်ပြန်လည်သုံးသပ်ချက်များ ပြုလုပ်ရန်အတွက် အခွင့်အလမ်းများ စီစဉ်ပေးထားခြင်း။ အဖွဲ့အစည်းများသည် နှစ်စဉ်ပုံမှန်သုံးသပ်အကဲဖြတ်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ သို့ရာတွင် ပြန်လည်သုံးသပ်ခြင်းနှင့် တုံ့ပြန်ချက်ပေးရန် အခွင့်အလမ်းပေးခြင်းတို့ကို ပုံမှန်ဆက်သွယ်ရေး လုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ပါသည်။ ထို့ပြင် အဆင့်အလိုက် ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံခြင်းများလည်း ဆောင်ရွက်သင့်ပါသည်။
- ဝန်ထမ်းများအား လက်တုံ့ပြန်ခြင်းမှ အကာအကွယ်ပေးခြင်း။ အဖွဲ့အစည်းများအနေဖြင့် လက်တုံ့ပြန်ခြင်းမှ ကာကွယ်ရန်အတွက် သင်တန်းများပေးခြင်းနှင့် လက်ရှိဝန်ထမ်းများနှင့် ကြီးကြပ်ရေးမှူးများက ပြန်လည်သုံးသပ်ချက်ပေးသည့် လူပုဂ္ဂိုလ်အပေါ် သက်သေအထောက်အထား ခိုင်လုံသော လက်တုံ့ပြန်မှုများနှင့် ပတ်သက်သော ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းနိုင်သည့် လုပ်ငန်းစဉ်တစ်ရပ်ရှိသင့်သည်။

၁၄။ အဆိုပါနည်းလမ်းများမှတစ်ဆင့် အဖွဲ့အစည်းများအနေဖြင့် လူတစ်ဦးချင်းစီအား ပွင့်လင်းစွာ ပြောဆိုတတ်စေရန် ကောင်းမွန်သော ဝန်းကျင်တစ်ရပ်ကို ဖန်တီးပေးရမည် ဖြစ်ပြီး ကျင့်ဝတ်နှင့်အညီ ပြုမူရာတွင် ကြုံတွေ့နိုင်သည့် အခက်အခဲများနှင့်စပ်လျဉ်း၍ အခန်း (၆) (/e4j/en/integrity-ethics/module-6/index.html) နှင့် အခန်း (၈) (/e4j/en/integrity-ethics/module-8/index.html) တွင် အသေးစိတ်ဆွေးနွေးထားပါသည်။ “အကျင့်သိက္ခာဆိုင်ရာ စိန်ခေါ်မှုနှင့် ကြုံကြိုက်သည့်အချိန်တွင် တစ်ဦးချင်းစီက လိုက်နာကျင့်သုံးရန် မည်သည့်

လက်တွေ့ကျသော နည်းဗျူဟာက ကူညီနိုင်မည်နည်း” ဟူသော မေးခွန်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ ဆွေးနွေးချက်များတွင် အသေးစိတ်ဖော်ပြထားပါသည်။

**တစ်ဦးချင်းအဆင့် – ကျင့်ဝတ်နှင့်ညီသောအပြုအမူအတွက် အရည်အသွေးများပြုစုပျိုးထောင်ခြင်း**

၁၅။ ကျင့်ဝတ်နှင့်ညီသော အပြုအမူကို ပြုမူရန် အဖွဲ့အစည်းဆိုင်ရာ ယဉ်ကျေးမှုတစ်ရပ်က တိုက်တွန်းအားပေးသင့်သော်လည်း တစ်ဦးချင်းဆိုင်ရာအဆင့်၌ မဟာဗျူဟာမြောက်နည်းလမ်းများဖြင့် ဆောင်ရွက်သင့်ပါသည်။ သုတေသနစာတမ်းနှင့် လက်တွေ့အတွေ့အကြုံများက လူအများစုသည် ကျင့်ဝတ်နှင့်အညီ ပြုမူနေထိုင်လိုပြီး အမှန်တရားကို သိရှိကြောင်း ဖော်ပြထားပါသည်။ မည်သို့ပင်ဆိုစေကာမူ ၎င်းသည် စိုးရိမ်ပူပန်မှုများကြောင့် ထုတ်ဖော်ပြောဆိုရန် အလွန်ခက်ခဲနိုင်ပါသည်။ စိတ်ပညာ၊ အာရုံကြောသိပ္ပံနှင့် အပြုအမူဆိုင်ရာ စီးပွားရေးနယ်ပယ်များတွင် သုတေသနပြုချက်အရ လူတစ်ဦးချင်းစီ၏ ကျင့်ဝတ်နှင့်ဆိုင်သော အန္တရာယ်များသည့် အခြေအနေများကို ၎င်းတို့အား လေ့ကျင့်သင်ကြားပေးထားပါက ပိုမိုထိရောက်စွာ ကိုင်တွယ်နိုင်သည်ဟု ဖော်ပြထားပါသည်။ ကျင့်ဝတ်ဆိုင်ရာ အပြုအမူများကို သင်ယူနိုင်ရုံသာမက လက်တွေ့စမ်းသပ်မှုဖြင့် ပြီးပြည့်စုံစေသည်ဟူသော သဘောထားအယူအဆသည် သင်တန်းသားများအား လက်တွေ့ဘဝ၏ ကျင့်ဝတ်ဆိုင်ရာ အကြပ်အတည်းများနှင့် ထိတွေ့စေပြီး အဖြေရှာဖွေနိုင်ရန် အားပေးသော လက်တွေ့စမ်းသပ်လေ့ကျင့်မှုအပါအဝင် ကျင့်ဝတ်ဆိုင်ရာ ပညာရပ်အတွက် ချဉ်းကပ်နည်းအမျိုးမျိုးကို ဖော်ပြထားသည်။ အဆိုပါနည်းလမ်းများကို ကျင့်ဝတ်နှင့်အညီ ဖွင့်လှစ်သော ဆေးခန်းများ၊ လှုပ်ရှားမှုကို အခြေခံသော ကျင့်ဝတ်ဆိုင်ရာ သင်တန်းအစီအစဉ်များရှိသော အဖွဲ့အစည်းများတွင် ၎င်းတို့၏ ကျောင်းသားများအား ပါဝင်ဆောင်ရွက်စေသော တက္ကသိုလ်များက အသုံးပြုကြသည်။ လူတစ်ဦးချင်းအနေဖြင့် ကျင့်ဝတ်နှင့်အညီ ပြုမူဆောင်ရွက်မှု တိုးမြင့်ရန်အတွက် အခြားအရေးပါသော ဆောင်ရွက်မှုမှာ “တန်ဖိုးထားမှုများအား ထုတ်ဖော်ပြောကြားခြင်း” ဟုခေါ်သည့် သင်ကြားနည်းနှင့် သက်ဆိုင်သော နည်းလမ်းဖြစ်ပါသည် (Gentile,2010)။

**တန်ဖိုးထားမှုများအား ထုတ်ဖော်ပြောကြားခြင်း(GVV)**

၁၆။ မည်သည့်အကြောင်းအရာသည် မှန်သည်/မှားသည် ဆိုသည်ကို ကြိုးစားရှာဖွေခြင်း မဟုတ်ဘဲ “ဆုံးဖြတ်ချက်ချပြီးနောက်ပိုင်း” အခြေအနေအား အလေးထားဖော်ပြခြင်းသည် သမားရိုးကျကျင့်ဝတ်ဆိုင်ရာ ပညာပေးအစီအစဉ်များနှင့် **GVV** ချဉ်းကပ်မှုနည်းလမ်းအကြား ကွဲပြားမှုပင်ဖြစ်ပါသည်။ ကွာခြားချက်သည် အခြေအနေတစ်ခုအား မည်ကဲ့သို့ ကိုင်တွယ်

ဆောင်ရွက်သင့်သည် ဆိုသည့် “ဆုံးဖြတ်ချက် နမူနာပုံစံ” များ ဖော်ပြထားခြင်းဖြစ်ပါသည်။ ဆုံးဖြတ်ချက် နမူနာပုံစံအား ဖန်တီးနိုင်ရန် လက်တွေ့စမ်းသပ်ခြင်းနှင့် အစမ်းလေ့ကျင့်ခြင်းများကို ကျောင်းသားများအား ပြုလုပ်စေခြင်းဖြစ်ပါသည်။ အောက်တွင်ပါရှိသည့် အသေးစိတ်ဖော်ပြချက်များနှင့် ဤအခန်း၏ လေ့ကျင့်ခန်းများအား ထည့်သွင်းပြဋ္ဌာန်းထားသည့်အတိုင်း **GVV** သည် ဥပမာအားဖြင့် အကြိုဇာတ်ညွှန်းရေးဆွဲခြင်း (အကယ်၍ (X) တစ်စုံတစ်ရာဖြစ်ပွားပါက တစ်ဦးတစ်ယောက်သည် မည်ကဲ့သို့ဆောင်ရွက်မည်ဆိုသည်ကို အစီအစဉ်ရေးဆွဲခြင်း) နှင့် အပြန်အလှန်သုံးသပ်ခြင်း (ထိရောက်သော အဖြေရလဒ်အား ရရှိရေးအတွက် အဖွဲ့တစ်ခုတွင် သက်ဆိုင်သူများမှ အတူတကွပူးပေါင်းဆောင်ရွက်ခြင်း) ကဲ့သို့သော အမျိုးမျိုးသော လက်တွေ့လုပ်ဆောင်ချက်များနှင့် ဇာတ်တိုက်လေ့ကျင့်မှု နည်းလမ်းများအား အဆိုပြုဖော်ပြထားပါသည်။ **GVV** သည် ကျင့်ဝတ်နှင့်ညီသော အပြုအမူများအပေါ် မည်ကဲ့သို့ ပိုမိုထိရောက်စွာ ဆောင်ရွက်ရမည်ဆိုသည့် လက်တွေ့လမ်းညွှန်ချက်များအား အမျိုးမျိုးသော လေ့လာမှုများနှင့် စည်းမျဉ်းစည်းကမ်းများမှ ထိုးထွင်းသိမြင်မှုများအား ပေါင်းစပ်ထားပါသည်။ ယခုနည်းလမ်းသည် ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်တို့အား အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာ နည်းလမ်းတစ်ခုအနေဖြင့် ကမ္ဘာအနှံ့ရှိတက္ကသိုလ်များနှင့် အမျိုးမျိုးသော အဖွဲ့အစည်းတွင် မိတ်ဆက်ထားပြီးဖြစ်ပါသည်။

၁၇။ သုတေသနနှင့် တွေ့ဆုံဆွေးနွေးမှုများသည် နှစ်ဦးနှစ်ဖက် အောင်မြင်မှုရရှိစေမည့် ဖြေရှင်းချက်အား ရှာဖွေခြင်း၊ ယုတ္တိဗေဒကျသော ဆင်ခြင်တွေးခေါ်မှုမှတစ်ဆင့် ကြီးကြပ်သူ၏ သဘောထားအား ပြောင်းလဲစေရန် ဖျောင်းဖျတိုက်တွန်းခြင်း၊ အဖွဲ့အစည်းအတွင်း ကြီးကြပ်သူအား ကျော်လုပ်ခြင်း၊ စိတ်တူကိုယ်တူရှိသည့် ဝန်ထမ်းများ မိတ်ဖက်ပူးပေါင်းဖွဲ့စည်းခြင်းနှင့် အခြားကိစ္စရပ်များကဲ့သို့သော များပြားလှသည့် တန်ဖိုးထားမှုများအား ဖော်ထုတ်ရန် နည်းလမ်းများစွာ ရှိပါကြောင်း ထုတ်ဖော်ပြသပါသည်။ သို့သော်လည်း အရေးကြီးဆုံးအချိန်သည် ဖော်ထုတ်ပြောဆိုရန် ဆုံးဖြတ်ခြင်းပင်ဖြစ်သည်။ ဂျန်တိုင်းလ် (Gentile) ၏ အဆိုအရ တန်ဖိုးထားမှုများအား ထုတ်ဖော်ရာတွင် အောက်ဖော်ပြပါ လုပ်ဆောင်ချက်များသည် များစွာအထောက်အကူဖြစ်စေပါသည်–

- ကျင့်ဝတ်ဆိုင်ရာ အကြပ်အတည်းသည် မည်သည့်အလုပ်တွင်မဆို ပေါ်ပေါက်လေ့ရှိကြောင်း၊ ၎င်းသည် သာမန်ဖြစ်ကြောင်း၊ ဖြစ်လေ့ဖြစ်ထ ရှိကြောင်းနှင့်

ကြိုတင်ခန့်မှန်းနိုင်ကြောင်းကို သိရှိနားလည်ခြင်းဖြင့် ဖိအားများအား လျှော့ချရမည် ဖြစ်ပါသည်။

- ကျင့်ဝတ်ဆိုင်ရာ ပဋိပက္ခများ ကြုံတွေ့ရချိန်တွင် အခြားစီးပွားရေးပြဿနာများကဲ့သို့ပင် ယင်းအခြေအနေများကို ကောင်းမွန်စွာ ဆောင်ရွက်နိုင်ရန် တစ်ဦးချင်းအား တူညီသော ကျွမ်းကျင်မှုနှင့် စွမ်းရည်များရရှိစေရန် ဆောင်ရွက်ပေးရမည်။
- အခြားသော စီးပွားရေးလုပ်ငန်းဆိုင်ရာ ပြဿနာများကဲ့သို့ပင် လက်ခံယုံကြည်နိုင်သည့် ငြင်းခုံဆွေးနွေးချက်များကို စုစည်းခြင်းနှင့် ဆွေးနွေးတိုင်ပင်သင့်သည့် ပုဂ္ဂိုလ်များအား ဖော်ထုတ်ခြင်းတို့ဖြင့် အားကောင်းသော စီးပွားရေးဆိုင်ရာ အခြေအနေအား တိုးတက်စေရမည်ဖြစ်ပါသည်။
- မထင်မှတ်ဘဲ ကျရောက်နိုင်သော ဘေးအန္တရာယ်များမှ ပြန်လည်တွန်းလှန်ခြင်း၊ ကန့်သတ်ခြင်းပြုလုပ်နိုင်ရန် ထိရောက်သော နည်းလမ်းများအား ကြိုတင်၍ ဆင်ခြင်သုံးသပ် အလေးအနက်ထားစဉ်းစားခြင်းဖြင့် ဖြစ်လေ့ဖြစ်ထရှိသည့် မထင်မှတ်ဘဲ ဘေးအန္တရာယ် ကျရောက်နိုင်ကြောင်း သိရှိလက်ခံနိုင်ရမည်ဖြစ်ပါသည်။ (ဖြောင့်မတ်တည်ကြည်မှုနှင့်ကျင့်ဝတ် တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင် (၂) အခန်း (၆) (ကျင့်ဝတ်နှင့်အညီနေထိုင်ရေးဆိုင်ရာစိန်ခေါ်မှု) တွင် မထင်မှတ်ဘဲ ကျရောက်နိုင်သော ဘေးအန္တရာယ်အချို့ကို ဆွေးနွေးထားပါသည်။)
- ကိစ္စရပ်များတွင် မည်ကဲ့သို့ ပြောကြားမည်၊ မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်မည်ကို ကြိုတင်ဆောင်ရွက်ရန် အချက်များအား ရေးမှတ်ထားခြင်းဖြင့် ပိုမိုထိရောက်စွာ ကျင့်ဝတ်နှင့်အညီ ဆောင်ရွက်နိုင်ခြေအား တိုးပွားစေပါသည်။
- ကိစ္စရပ်အများစုတွင် လုပ်ဖော်ကိုင်ဖက်များ အပြန်အလှန်ဆွေးနွေးသင်ယူခြင်းပုံစံသည် များစွာအထောက်အကူဖြစ်စေပါသည်။
- ပါဝင်သူများအတွက် သက်ဆိုင်မှုအရှိဆုံးသော အကြောင်းအရာများကို ခွဲခြားကန့်သတ်သောနည်းလမ်းဖြင့် ၎င်းတို့၏ စိတ်ပိုင်းဆိုင်ရာ မှားယွင်းဘက်လိုက်မှုများအပေါ် ကောင်းစွာ အသုံးချနိုင်ပါသည်။

၁၈။ ဂျန်တိုင်းလ်၏ အဆိုအရ ကြိုတင်လေ့ကျင့်ခြင်းနှင့် လက်တွေ့လုပ်ဆောင်ခြင်းတို့သည် တန်ဖိုးထားမှုများ ထုတ်ဖော်ရေးဆိုင်ရာ လုပ်ငန်းစဉ်တွင် များစွာအထောက်အကူဖြစ်စေ

ပါသည်။ ဆောင်ရွက်ရန်များ ကြိုတင်ရေးသားခြင်းကဲ့သို့သော ကြိုတင်လေ့ကျင့်ခြင်းနှင့် လက်တွေ့လုပ်ဆောင်ခြင်း နည်းလမ်းများသည် အလိုအပ်ဆုံးသောအချိန်တွင် အထိရောက်ဆုံးဆောင်ရွက်ခြင်းဖြင့် ကျင့်ဝတ်ဆိုင်ရာ လုပ်ငန်းများအား ဆောင်ရွက်နိုင်မည့် အခွင့်အရေးများကို မြင့်မားစေပါသည်။ အခြားသော လက်တွေ့ချဉ်းကပ်ဆောင်ရွက်ချက်ဖြစ်သည့် လုပ်ဖော်ကိုင်ဖက်များ အပြန်အလှန်ဆွေးနွေးသင်ယူခြင်း၏ ရည်ရွယ်ချက်သည် လုပ်ဖော်ကိုင်ဖက်များဖြင့် ငြင်းခုံဆွေးနွေးမှုများကို စမ်းသပ်ဆောင်ရွက်ရန်ဖြစ်ပါသည် (/e4j/en/integrity-ethics/module-7/exercises.html#module7exrcise3)။ အဖွဲ့အစည်းအတွင်းနှင့် အပြင်တို့မှ ဖွဲ့စည်းထားသော လုပ်ငန်းအဖွဲ့များ၏ အထောက်အပံ့အား ရှာဖွေသည့်အခါတွင် အပြန်အလှန်ဆွေးနွေးသင်ယူခြင်း နည်းလမ်းကို အသုံးပြုနိုင်ပါသည်။ ယင်းနည်းလမ်းသည် မလွယ်ကူသည့် တန်ဖိုးထားမှုများအား ထုတ်ဖော်ပြသသည့် နည်းလမ်းသစ်များကို ရှာဖွေရရှိရန် အထောက်အကူဖြစ်စေပါသည်။ အပြန်အလှန်ဆွေးနွေးသင်ယူခြင်းသည် သရုပ်ဆောင်ခြင်းနှင့် သိသာထင်ရှားစွာ ကွာခြားပါသည်။ ဇာတ်ရုပ်အလိုက် သရုပ်ဆောင်ခြင်းသည် ဇာတ်ရုပ်တစ်ခုနှင့်တစ်ခုအကြား ပဋိပက္ခဆန်သော သွယ်ဝိုက်ဆက်နွယ်မှု အမြဲလိုလိုရှိပါသည်။ တစ်နည်းအားဖြင့် နားထောင်ရသည့် ဇာတ်ရုပ်တွင် ဆောင်ရွက်ရသူအနေဖြင့် ၎င်း၏အလုပ်သည် ပြောဆိုသူ၏ တင်ပြဆွေးနွေးမှုတွင် အားနည်းချက်များအား ရှာဖွေရန် သို့မဟုတ် ဆန့်ကျင်ရန်ဖြစ်သည်ဟု ထင်မြင်လေ့ရှိပါသည်။ အပြန်အလှန် ဆွေးနွေးသင်ယူခြင်းသည် ထိရောက်မှုရှိသော တုံ့ပြန်မှုများရရှိရေးအတွက် ပါဝင်သူများအားလုံး အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်သည့် ပတ်ဝန်းကျင်အခြေအနေကို အခြားနည်းလမ်းအားဖြင့် ဖန်တီးနိုင်ရန် ရှာဖွေခြင်းပင် ဖြစ်ပါသည်။

၁၉။ ကျင့်ဝတ်ဆိုင်ရာ အကြပ်အတည်းများအား ဖြေရှင်းရာတွင် ကျွမ်းကျင်မှု၊ ပြင်ဆင်မှုနှင့် အရည်အချင်းရှိမှုတို့သည် များစွာအရေးကြီးပါသည်။ တစ်နည်းအားဖြင့် ကျင့်ဝတ်ဆိုင်ရာ မေးခွန်းများ မေးမြန်း ဖော်ထုတ်နိုင်သောကြောင့် ဆွယ်တရားဟောရန် မလိုပေ။ ပါမောက္ခတစ်ဦးအား ရာထူးသက်တမ်းတိုးမြှင့်ပေးရန် ၎င်းနောက်ဆုံးတင်သွင်းထားသော စာတမ်းပေါ်တွင်လည်းကောင်း သို့မဟုတ် လုပ်ငန်းစာချုပ်ကို ညှိနှိုင်း၍လည်းကောင်း ဆောင်ရွက်ရာတွင် ကိုယ်ရည်ကိုယ်သွေးဆိုင်ရာ စွမ်းဆောင်နိုင်မှုနှင့် စိစစ်လေ့လာချက်အပေါ် မူတည်၍ ပေးသင့်မပေးသင့်ဆုံးဖြတ်ရာတွင် အသုံးပြုနိုင်သည်။ အခြားသော ဆက်သွယ်ဆောင်ရွက်မှုဆိုင်ရာ စိန်ခေါ်မှုများနှင့်ပတ်သက်၍ ပါဝင်သူ၏ လိုအပ်ချက်များနှင့် ဆန္ဒများကိုလည်း စဉ်းစားရမည်

ဖြစ်ပါသည်။ "ဖွင့်ဟခြင်း" အား "အပြန်အလှန်ပြောဆိုခြင်း" အဖြစ် ပြန်လည်ကန့်သတ်ခြင်းတွင် တက်ကြွစွာ နားထောင်ခြင်းကို ထည့်သွင်းထားပြီး ယင်းသည် အရေးကြီးသော ပါဝင်ရမည့် အချက်တစ်ခုဖြစ်ပါသည်။

၂၀။ ဖွင့်ဟခြင်း၏ တန်ဖိုးထားရှိမှုများအား ထုတ်ဖော်ရာတွင် နည်းလမ်းများစွာရှိပြီး လူတစ်ဦးတစ်ယောက်ချင်းစီအနေဖြင့် ၎င်းတို့၏ကျွမ်းကျင်မှုအရှိဆုံးနှင့် အဆင်ပြေဆုံးဖြစ်သည့် ဆက်သွယ်ဆောင်ရွက်မှုပုံစံအား အသုံးပြုလိုမည်ဖြစ်ပါသည်။ ဥပမာအားဖြင့် ခိုင်းနှိုင်းဟောပြောမှုများ (metaphors) နှင့် ဇာတ်ကြောင်းပြောခြင်းတို့အား အသုံးပြုခြင်းဖြင့် ဆက်သွယ်ဆောင်ရွက်မှုသည် လူပုဂ္ဂိုလ်တစ်ဦးအတွက် အဆင်ပြေထိရောက်မှုအရှိဆုံးဖြစ်ပါက တန်ဖိုးထားရှိမှုများအား ထုတ်ဖော်ရာတွင် သူ/သူမသည် ခိုင်းနှိုင်းဟောပြောမှုများ (metaphors) နှင့် ဇာတ်ကြောင်းပြောခြင်းတို့၏ အားသာချက်များအား အသုံးပြုလိုမည်ဖြစ်ပါသည်။ အချို့သော အခြေအနေတွင် ပုဂ္ဂိုလ်ရေးဆက်သွယ်မှုနည်းသည် အထင်ရှားဆုံး ရွေးချယ်မှုဖြစ်ဟန်မတူပါ (ဥပမာ– အချို့သော လုပ်ငန်းပတ်ဝန်းကျင်တွင် ခိုင်းနှိုင်းပြောဆိုမှုကို အသုံးပြုခြင်းသည် ကိုက်ညီမှု ရှိဟန်မတူပါ။ စိတ်ဖိစီးမှုနှင့် ကြုံကြိုက်ချိန်တွင်မူ ခိုင်းနှိုင်းပြောဆိုမှုကို ဆက်သွယ်ရေးနည်းအဖြစ် သုံး၍ တန်ဖိုးများကို ထုတ်ဖော်စေရာတွင် အောင်မြင်မှုရရှိစေနိုင်မည်ဖြစ်ပါသည်။

၂၁။ ကျင့်ဝတ်နှင့်အညီ ဆောင်ရွက်ရန်အတွက် တစ်ဖက်စောင်းနင်းမဖြစ်သည့် အားကောင်းသော အဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ စံနှုန်းများ၊ အကျိုးအကြောင်းများနှင့် ထိရောက်မှုဆန်းစစ်ခြင်းတို့၏ ရှေ့မှောက်တွင် အားကောင်း၍ အများသူငှာ လက်ခံလာစေနိုင်သည့် ဆက်သွယ်ဆောင်ရွက်ခြင်းသည် လွန်စွာအရေးပါလှပါသည်။ အောင်မြင်သော ဥပမာများနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ ထင်မြင်ယူဆချက်များကို ရေးဆွဲခြင်းအားဖြင့် ဖြစ်လေ့ဖြစ်ထရှိသည့် မထင်မှတ်ဘဲ ကျရောက်နိုင်သော ဘေးအန္တရာယ်များကို ကျော်လွှားနိုင်ရန် အထောက်အကူဖြစ်စေပါသည်။ ယင်းအရည်အချင်းအား တိုးတက်စေရန်အတွက် အောက်ဖော်ပြပါမေးခွန်းများအား ဖြေဆိုခြင်းဖြင့် စိန်ခေါ်မှုရှိသည့် အခြေအနေများကို ဂရုတစိုက် ဆန်းစစ်သုံးသပ်ရန် အသုံးဝင်ပါသည်–

- ကျင့်ဝတ်ဆိုင်ရာ အကြပ်အတည်းများ၏ အရေးပါသည့် ပါဝင်သူ သို့မဟုတ် အဓိကပါဝင်ပတ်သက်သူများသည် မည်သူဖြစ်သနည်း။ ၎င်းတို့အတွက် မည်သည့် အကြောင်းအရာသည် အခက်အခဲဖြစ်စေနိုင်သနည်း။

- တုံ့ပြန်ဆောင်ရွက်ရမည့် အဓိကငြင်းခုံဆွေးနွေးမှုသည် မည်သည့်အကြောင်းအရာ ဖြစ်သနည်း။ ဖြေရှင်းဆောင်ရွက်ရန်လိုသည့် အကျိုးအကြောင်းနှင့် ထိရောက်သော ဆန်းစစ်မှုတို့သည် မည်သည့်အကြောင်းအရာများ ဖြစ်သနည်း။
- ကျင့်ဝတ်နှင့်မညီသော အပြုအမူများတွင် တိုက်ရိုက်ဖြစ်စေ သို့မဟုတ် သွယ်ဝိုက်၍ ဖြစ်စေ ပါဝင်သူများအပေါ် မည်ကဲ့သို့ လွှမ်းမိုးနိုင်မည်နည်း။
- ဖြေရှင်းဆောင်ရွက်ရန်လိုသည့် အကျိုးအကြောင်းနှင့် ထိရောက်သော ဆန်းစစ်မှုတို့အား တုန့်ပြန်ဆောင်ရွက်ရန် မည်သည့်အကြောင်းအရာသည် အားကောင်းပြီး အများသူငှာ လက်ခံလာစေနိုင်သနည်း။ မည်သည့်အချိန်နှင့် မည်သည့်အကြောင်းအရာအရ မည်သူ့ထံသို့ ငြင်းခုံဆွေးနွေးရန် လိုအပ်သနည်း။

၂၂။ အပိုလမ်းညွှန်မေးခွန်းများသည် အောက်ဖော်ပြပါ ကျင့်ဝတ်ဆိုင်ရာ စိန်ခေါ်မှုရှိသည့် အခြေအနေများအား တုံ့ပြန်ရန်အတွက် ပုံစံရေးဆွဲခြင်း၊ စဉ်းစားသုံးသပ်ခြင်းနှင့် ဆွေးနွေးခြင်း ဆောင်ရွက်ရာတွင် အထောက်အကူ ဖြစ်စေပါသည်-

- Optimal timing မည်သည့်အချိန်သည် သင်ကြိုးစားအားထုတ်ရန်အတွက် အကောင်းဆုံးဖြစ်သနည်း။ တစ်နည်းနည်းဖြင့် အစီအစဉ်များ၊ အဆင့်များအဖြစ် ခွဲခြမ်းရန် လိုအပ်မှုရှိပါသလား၊ ချိတ်ဆက်မိပါသလား။
- တစ်ဦးတစ်ယောက်တည်း ဆောင်ရွက်မည်လား သို့မဟုတ် မိတ်ဆွေဖြင့် ဆောင်ရွက်မည်လား။ မိတ်ဆွေနှင့်ဆောင်ရွက်မည်ဆိုပါက မည်သူဖြစ်သနည်း။
- ချိတ်ဆက်ထားမှုမရှိဘဲ သီးခြားဆောင်ရွက်မည်လား။ သို့မဟုတ် လူသိထင်ရှား ဆောင်ရွက်မည်လား။ တစ်ဦးချင်း သို့မဟုတ် အဖွဲ့အစည်းဖြင့် ဆောင်ရွက်မည်လား။
- သင့်အနေဖြင့် လိုအပ်သော သတင်းအချက်အလက်များ ရှိပါသလား။ (သုတေသန၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ ထိုးထွင်းသိမြင်မှုများ၊ အောင်မြင်မှု သို့မဟုတ် ကျဆုံးမှုများ၏ ယခင်ဥပမာများ အစရှိသည်ဖြင့်)
- သင့်ထံတွင် အဖွဲ့အစည်း၏ အတွင်း သို့မဟုတ် အပြင်မှ လုံလောက်သည့် အထောက်အပံ့ပေးနိုင်သည့် အရင်းအမြစ်များရှိပါသလား။ သင့်အနေဖြင့် ဖြစ်နိုင်သမျှသော အထောက်အပံ့ရနိုင်သည့် အရင်းအမြစ်များကို အပြင်းအထန် ထိပ်တိုက် အဖြေရှာကောင်းရှာရနိုင်မည်ဖြစ်ပါသည်။ သင်စဉ်းစားသည့် အရင်းအမြစ်များမှ

တစ်ခုချင်းစီသည် အထောက်အကူဖြစ်ရန် အကောင်းဆုံးဖြစ်ကောင်းဖြစ်လာနိုင်မည်ကို စဉ်းစားရမည်ဖြစ်သည်။ ဥပမာအားဖြင့် အဖွဲ့အစည်းအတွင်း ပုဂ္ဂိုလ်အချင်းချင်းထံမှ သတင်းအချက်အလက်များ ရရှိနိုင်ပြီး မိမိရရှိထားသော အချက်အလက်များအား အတည်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို ဆောင်ရွက်စေနိုင်ပါသည်။

- သင်၏ အနက်နဲဆုံးသော တန်ဖိုးထားရှိမှုများနှင့် ကိုယ်ပိုင်လက္ခဏာများအတွက် မိသားစုဝင်များသည် ကောင်းမွန်သော ရွေးချယ်မှုများအား ပိုမိုကျယ်ပြန့်စွာ စဉ်းစားပေးနိုင်မည်ဖြစ်ပါသည်။ သင်၏ အခြေအနေအား သင်၏ ရင်းနှီးမှုရှိသော မိသားစုဝင်များနှင့် ဆွေးနွေးခြင်းက အထောက်အကူပြုမည်ဖြစ်သည်။ ဤသို့ပြုလုပ်ခြင်းဖြင့် ၎င်းတို့အား ဤဖြစ်စဉ်တွင် ပါဝင်လာစေပြီး ဤခရီးတွင် သင်တစ်ယောက်တည်းသာမဟုတ်ဘဲ ၎င်းတို့ပါ ပါဝင်လာပြီး အန္တရာယ်ကြုံတွေ့ပါက ၎င်းတို့အပေါ်တွင်ပါ သက်ရောက်မှုရှိစေမည်ကို သိရှိစေမည့် နည်းလမ်းတစ်ခုဖြစ်သည်။ သို့မဟုတ်ပါက မိမိတို့နှင့် ရင်းနှီးသူများအား အန္တရာယ်ဖြစ်နိုင်သည်ကို လက်ခံရန် ကြောက်ရွံ့နေခြင်းသည်ပင်လျှင် မိမိတို့၏ လွတ်လပ်သော ဆုံးဖြတ်ချက်ချမှုများအား အဟန့်အတား ဖြစ်စေပါသည်။
- သင်၏ ပုံမှန်တုံ့ပြန်ချက်များနှင့် မမြင်မိသည့် အကြောင်းအရာများကို ကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ချက်များနှင့်ပတ်သက်၍ သင့်အနေဖြင့် ထည့်သွင်းမစဉ်းစားမိသည်များကို ထုတ်ဖော်ရန် အသင့်လျော်ဆုံးဖြစ်သည့် အကြံပေးနှင့် ဆွေးနွေးတိုင်ပင်ဆောင်ရွက်ပြီးဖြစ်ပါသလား။
- သင်၏ အဆိုပြုတုံ့ပြန်ချက်တွင် သင်ဆောင်ရွက်မည့် ချဉ်းကပ်မှုနည်းလမ်းအား မည်ကဲ့သို့ ဖော်ပြမည်နည်း။
    - သင်ကြားမှုဆိုင်ရာ ရပ်တည်မှုအနေဖြင့် သဘောထားကြီးရမည် ဖြစ်သည် (ဥပမာအားဖြင့် မိတ်ဆွေအနေဖြင့် မည်သို့စဉ်းစားနေသည်ကို မိမိအား နားလည်အောင် ကူညီပြောပြရန်)
    - အပြန်အလှန်ဆွေးနွေးခြင်း (ဥပမာအားဖြင့် မိမိတို့အနေဖြင့် ယခုဆုံးဖြတ်ချက်အား ပြောင်းလွယ်ပြင်လွယ်အနေအထားအဖြစ် အချိန်ကာလတစ်ခုအထိ ထားရှိနိုင်မည်လား။ သို့မှသာ မိမိတို့သည် အခြားသော ရှုထောင့်များကို သုံးသပ်ဆင်ခြင်နိုင်မည်ဖြစ်ပါသည်။)

- စည်းရုံးဆွဲဆောင်ခြင်း- သင့်အနေဖြင့် သင်၏ သဘောထား ရပ်တည်ချက် အပေါ် ယုံကြည်မှု ခိုင်မာသော်လည်း အခြားသူများအား စည်းရုံးဆွဲဆောင် လိုခြင်း (ဥပမာအားဖြင့် ယခုအခြေအနေအပေါ် မိမိအနေဖြင့်များစွာ စဉ်းစား တွေးတောခဲ့ပြီးနောက် အပြီးသတ်ဆုံးဖြတ်ချက်ချပြီးဖြစ်ပါသည်။ မိမိ၏ထင်မြင် ယူဆချက်အား သင့်အား မျှဝေခွင့်ရသည့်အတွက်များစွာ ကျေနပ်မိပါကြောင်း)
- ပဋိပက္ခဆန်ခြင်း - သင့်အနေဖြင့် သင်၏သဘောထားရပ်တည်ချက်အပေါ် ယုံကြည်မှုခိုင်မာပြီး သင်၏ရည်မှန်းချက်သည် သင်၏ရပ်တည်ချက်အား ဖော်ပြ ရန်သာဖြစ်ပြီး ဖြစ်လာသမျှသော ကိစ္စရပ်များအား လက်ခံရန်သာဖြစ်သည်။ (ဥပမာအားဖြင့် ယခုအခြေအနေအပေါ် မိမိအနေဖြင့်များစွာ စဉ်းစားတွေးတော ခဲ့ပြီးနောက် အပြီးသတ် ဆုံးဖြတ်ချက်ချပြီး ဖြစ်ပါသည်။ မိတ်ဆွေအနေဖြင့် သဘောမတူပါက ဝမ်းနည်းမိပါကြောင်း သို့သော် မိမိအနေဖြင့် လိုက်ပါဆောင် ရွက်မည် မဟုတ်ပါကြောင်း)
- အကျိုးအကြောင်းသင့် ငြင်းခုံဆွေးနွေးမှုများအားလုံးအတွက် အဆင်ပြေမှုရှိ သော စံပုံစံ သို့မဟုတ် ပရိတ်သတ်များအတွက် အံဝင်ခွင်ကျ စီမံထားသော နည်းလမ်းပုံစံ (ဥပမာအားဖြင့် "ဒါကရိုးသားမှုမရှိဘူး" သည် ငြင်းခုံဆွေးနွေးမှု များအားလုံးအတွက် အသုံးပြုနိုင်သော စံပုံစံ ဖြစ်ပါသည်။ အမှန်တကယ်မှာ "မိမိတို့ လုပ်ငန်း၏ ရိုးသားမှုဂုဏ်သတင်းသည် လုပ်ငန်း၏ အဖိုးတန် အရည် အချင်းဖြစ်ပါသည်။ ပြီးခဲ့သည့်နှစ် အချက်အလက်များ ခိုးယူခြင်းအပေါ် ဖမ်းမိ သည့်အခါမှာ မိမိတို့နှင့် လုပ်ငန်းဆက်စပ်သူများက မိမိတို့နှင့် မည်ကဲ့သို့ ရပ် တည်ပေးကြသည်ကို အမှတ်ရပါသလား။ ၎င်းတို့အပေါ် အန္တရာယ်ဖြစ်စေရန် မိမိတို့အနေဖြင့် မည်သည့်အခါမှ လှည့်စားမည် မဟုတ်ကြောင်း ၎င်းတို့မှ ယုံ ကြည်သည့်အတွက် ဖြစ်ပါသည်" ဆိုသည့် ဥပမာသည် အံဝင်ခွင်ကျဖြစ်သည့် ငြင်းခုံဆွေးနွေးမှု ဖြစ်ပါသည်။ နှစ်ခုစလုံးသည် အခြေအနေအမျိုးမျိုးတွင် ထိရောက်မှုရှိနိုင်ပါသည်။ သို့သော် မိမိတို့အနေဖြင့် သတိထားရွေးချယ်ရန် များစွာအရေးကြီးပါသည်။
- ပြဿနာများ ဖြေရှင်းခြင်း (ဥပမာအားဖြင့် "ဒီကိစ္စမှာ ဘယ်အရာက အရေး ကြီးတဲ့အရာ ဖြစ်တယ်ဆိုတာနဲ့ ပြီးတော့ သင့်အနေဖြင့် ဒီလိုလုပ်ဆောင်ဖို့ ဘာကြောင့် အကြံပေးရတာလဲ ကျွန်တော်သိပါတယ် အကယ်၍ ဒီကိစ္စကို

တာဝန်ယူနိုင်ဖို့ ကျွန်တော်တို့ အားလုံးရဲ့ စွမ်းရည်တွေကို အသုံးချမယ်ဆိုရင် အခြားအဖြေတစ်ခုကို ကျွန်တော်တို့အနေနဲ့ ရှာတွေ့နိုင်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်)

  - အခြားသော ချဉ်းကပ်မှုနည်းလမ်းများ ရှိပါသလား။

- သင်ကြုံတွေ့ခဲ့ရသည့် အကြီးမားဆုံးသော စိန်ခေါ်မှု/အခက်ခဲဆုံးသော ငြင်းခုံဆွေးနွေးမှုသည် မည်သည့်ကိစ္စရပ် ဖြစ်သနည်း။
- မည်သည့်ကိစ္စရပ်သည် သင်၏ အားအကောင်းဆုံးသော ငြင်းခုံဆွေးနွေးမှု ဖြစ်သနည်း။
- ယင်းသို့ ဆောင်ရွက်ရန် ဘာလိုအပ်မည်နည်း။
  - သင်ရည်ရွယ်သော ပါဝင်သူအတွက် သင့်အနေဖြင့် သူ/သူမ၏ ကတိထားမှုကို တီးခေါက်ကြည့်ရန် ရွေးချယ်မှုကို မည်ကဲ့သို့ ကန့်သတ်ရန် လိုအပ်မည်နည်း။
  - သင်ကိုယ်တိုင်အတွက် သင်၏ ကြိုးစားအားထုတ်မှုနှင့် ရဲစွမ်းသတ္တိတို့အား သိရန် ရွေးချယ်မှုကို မည်ကဲ့သို့ ကန့်သတ်ရန် လိုအပ်မည်နည်း။

၂၃။ ယင်းမေးခွန်းများသည် ယခုအခန်း၏ လေ့ကျင့်ခန်းကဏ္ဍ(/e4j/en/integrity-ethics/module-7/exercises.html) တွင် မျှဝေထားသော ဖြစ်ရပ်များအပေါ် လေ့လာခြင်းနှင့် ဖြစ်နိုင်ခြေကိစ္စရပ်များတွင် ဆွေးနွေးခြင်း၊ အစီအစဉ်ဆောင်ရွက်ရန် အချက်များ ကြိုတင်ရေးသားခြင်းနှင့် လုပ်ငန်းစီမံချက်များ ရေးဆွဲခြင်းတို့အတွက် ပုံစံများ ဖြစ်လာပါသည်။ ယင်းမေးခွန်းများသည် ကျင့်ဝတ်ဆိုင်ရာ ဆန်းစစ်ချက်များ ပြုလုပ်ရာတွင် အသုံးမပြုရပါ။ ဤသည်မှာ စိတ်ဝင်စားဖွယ်ကောင်းပါသည်။ စည်းရုံးရန် လိုအပ်သူများ၏ အပြုအမူများကို (နားလည်လက်ခံရန်) နှင့် ရွေးချယ်မှုများအား လမ်းညွှန်ပေးမည့် အကျိုးအကြောင်းများနှင့် စိတ်ဓါတ်လှုံ့ဆော်မှုကိုသာ နားလည်စေရန် ဖြစ်ပါသည်။ **GVV** ချဉ်းကပ်မှု နည်းလမ်း၏ အသေးစိတ် ရှင်းလင်းချက်များအတွက် မယ်ရီဂျန်တိုင်းလ် (Mary Gentile) ၏ မေးမြန်းဆွေးနွေးမှုများအား (http://www.mckinsey.com/business-functions/organization/our-insights/voicing-values-in-the-workplace) နှင့် (https://www.youtube.com/watch?v=Cy15hS9ba 1U) တို့တွင် ကြည့်ရှုနိုင်ပါသည်။

## အတွေ့အကြုံကို အခြေခံသည့် သင်ယူခြင်း သို့မဟုတ် ပြဿနာကို ဖြေရှင်းသည့် ချဉ်းကပ်နည်းလမ်းများ

၂၄။ ကျင့်ဝတ်ဆိုင်ရာ လုပ်ဆောင်မှုအတွက် ကျွမ်းကျင်မှုကို တည်ဆောက်ရာ၌ အတွေ့အကြုံမှတစ်ဆင့် သင်ကြားသည့် နည်းလမ်းဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ အတွေ့အကြုံကို အခြေခံ၍ သင်ယူခြင်း သို့မဟုတ် လုပ်ဆောင်ချက်ဖြင့် သင်ယူခြင်း သို့မဟုတ် လက်တွေ့လေ့လာခြင်းဖြင့် သိရှိကြပါသည်။ အဆိုပါသင်ယူခြင်းသည် ခိုင်မာသော အတွေ့အကြုံနှင့် လေ့လာသုံးသပ်မှုများအပေါ် အခြေခံ၍ အသိပညာတိုးပွားမှုကို ဖြစ်ပေါ်စေသည့် လုပ်ငန်းစဉ်ကို ရည်ညွှန်းပါသည်။ ကျင့်ဝတ်ဆိုင်ရာ ပညာရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးရာ၌ ယင်းသင်ယူခြင်း၏ အခြေခံသဘောတရားမှ လူတစ်ဦးချင်းအလိုက် သို့မဟုတ် အဖွဲ့အလိုက် လက်တွေ့ဘဝတွင် ကြုံတွေ့ရသော ကျင့်ဝတ်ဆိုင်ရာ ပြဿနာများကို ဖြေရှင်း၍ နည်းလမ်းရှာခြင်းနှင့်စပ်လျဉ်းသည့် အတွေ့အကြုံပင်ဖြစ်ပါသည်။ လုပ်ငန်းစဉ်ရလဒ်များ၊ ပြဿနာဖြေရှင်းသည့် နည်းလမ်းများကို ပြန်လည်သုံးသပ်၍ သင်ယူခြင်းပင်ဖြစ်ပါသည်။

၂၅။ အတွေ့အကြုံမှတစ်ဆင့် သင်ယူခြင်းသည် ပြဿနာဖြေရှင်းခြင်း သို့မဟုတ် လက်တွေ့လုပ်ဆောင်မှု ရှေ့တန်းတင်ခြင်းကို အခြေခံသော ကျင့်ဝတ်ဆိုင်ရာ သင်တန်းအစီအစဉ်များ၏ အခြေခံအုတ်မြစ်ဖြစ်ပြီး "Integrity Action (https://integrityaction.org) နှင့် Alliance for Integrity (https://www.allianceforintegrity.org)" တို့ကဲ့သို့သော အဖွဲ့အစည်းများမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် သင်တန်းများ အပါအဝင်ဖြစ်ပါသည်။ Integrity Action အဖွဲ့သည် အဂတိလိုက်စားမှုတားဆီးရန်နှင့် ပြည်သူများ၏ ဖြောင့်မတ်တည်ကြည်မှု မြင့်မားရေးအတွက် လူမှုရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရန် အလေးပေးသော အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ အများပြည်သူ၏ ဖြောင့်မတ်တည်ကြည်မှုမြင့်မားရေးဆိုင်ရာ စီမံကိန်းနှင့်စပ်လျဉ်း၍ ၎င်းအဖွဲ့အနေဖြင့် ကျောင်းသားများနှင့် အခြားပါဝင်သူများအား အများပြည်သူဆိုင်ရာ စီမံကိန်းများကို စောင့်ကြည့်ခြင်း၊ ကျင့်ဝတ်နှင့် မကိုက်ညီသော မူမမှန်သော လုပ်ဆောင်ချက်များကို တွေ့ရှိပါက ထုတ်ဖော်ပြောကြားခြင်း ဆောင်ရွက်ရန် တိုက်တွန်းအားပေးပါသည်။ ထိုသို့ပြုလုပ်ခြင်းသည် ဝန်ဆောင်မှု အရည်အသွေးနှင့် ကျင့်ဝတ်ကို တိုးတက်ကောင်းမွန်အောင် ပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ ကောင်းမွန်သော ရလဒ်များကို ရရှိစေနိုင်ပါသည်။ Integrity Action အဖွဲ့၏ စီမံကိန်းနှင့် ၎င်းစီမံကိန်း

များ၏ ရလဒ်များကို ဤထုတ်ပြန်ချက် (https://integrityaction.org/sites/default/files/tm-fixrate/the_fixrate_report_english.pdf) ၌ ဆွေးနွေးတင်ပြထားပါသည်။

၂၆။ အဆိုပါ website (https://www.allianceforintegrity.org/en/alliance-for-integrity/about-us/) အရ "Alliance for Integrity" အဖွဲ့သည် စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ဖွဲ့စည်းထားသည့် စီမံကိန်းလုပ်ငန်းအဖွဲ့အစည်းတစ်ခုဖြစ်ပြီး စီးပွားရေးစနစ်တွင် ပွင့်လင်းမြင်သာမှုနှင့် ဖြောင့်မတ်တည်ကြည်မှု မြင့်မားရေးကို ဆောင်ရွက်လျက်ရှိပါသည်။ ယင်းအဖွဲ့အနေဖြင့် အတွေ့အကြုံမှတစ်ဆင့် သင်ယူခြင်းကို အခြေခံသည့် ဖြောင့်မတ်တည်ကြည်မှုဆိုင်ရာ သင်တန်းများအပါအဝင် စီမံကိန်းအမျိုးမျိုးကို အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။ ဥပမာအားဖြင့် "စီးပွားရေးလုပ်ငန်းများမှ စီးပွားရေးလုပ်ငန်းများအတွက်" ဟု ခေါ်သည့် အစီအစဉ်တွင် အောက်ပါအဆင့်(၄)ဆင့် ပါဝင်ပါသည်-

- ပထမအဆင့်တွင် သင်တန်းသားများအနေဖြင့် နေ့စဉ်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာ၌ ကြုံတွေ့ရသော ကျင့်ဝတ်ဆိုင်ရာ ပြဿနာများကို အဖွဲ့လိုက်ဖြေရှင်းခြင်း ဆောင်ရွက်ကြပါသည်။ (ခိုင်မာသော အတွေ့အကြုံ)
- ဒုတိယအဆင့်တွင် သင်တန်းသားများအနေဖြင့် အခြားသင်တန်းသားအားလုံးနှင့် အတူ ပူးပေါင်းပါဝင်ဆွေးနွေး၍ ဖြစ်နိုင်ခြေရှိသည့် ဖြေရှင်းရန် နည်းလမ်းများကို တင်ပြဆောင်ရွက်ပါသည်။ (တုံ့ပြန်အကဲဖြတ်ခြင်း)
- တတိယအဆင့်တွင် ဆက်စပ်သည့် အချက်အလက်များကို ထည့်သွင်းစဉ်းစား၍ သင်တန်းသားများအကြား ကောင်းမွန်သော လက်တွေ့ဖြေရှင်းချက်များကို မျှဝေခြင်း ဆောင်ရွက်ပါသည်။ (စိတ်ကူးထဲ၌ ရုပ်လုံးပေါ်အောင် တွေးတောကြံဆသည်)
- စတုတ္ထအဆင့်တွင် သင်တန်းသားများအနေဖြင့် လေ့ကျင့်ခန်းများ၌ အဆိုပြုထားသော ဖြေရှင်းချက်များကို လေ့ကျင့်ခြင်းဆောင်ရွက်ပါသည်။ နေ့စဉ်စီးပွားရေးလုပ်ငန်းများ၌ ၎င်းတို့၏ အသိပညာဗဟုသုတများကို အသုံးပြုရန် အားပေးပြီး လုပ်ငန်းအဖွဲ့များ၌ ၎င်းတို့၏အတွေ့အကြုံများကို ဖလှယ်၍ ပြန်လည်တင်ပြခြင်း ဆောင်ရွက်စေပါသည်။

၂၇။ သင်တန်းသားများအနေဖြင့် ၎င်းတို့၏ အသိပညာနှင့် အတွေ့အကြုံအပေါ်မူတည်၍ လုပ်ဖော်ကိုင်ဖက်များအား သင်ကြားပေးနိုင်သူများဖြစ်လာပါသည်။ အတွေ့အကြုံများအရ

ထိုကဲ့သို့ သင်ကြားပေးခြင်းဖြင့် သင်တန်းသားများအတွက်သာမက သင်ကြားသူများအတွက်ပါ အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

## တက္ကသိုလ်အဆင့် လက်တွေ့ပညာရေး

၂၈။ တက္ကသိုလ်များအနေဖြင့် ဥပဒေကျောင်းများကဲ့သို့ ၎င်းတို့၏ ကျောင်းသားများအား အတွေ့အကြုံသင်ယူမှုအစီအစဉ်မှတစ်ဆင့် ကျင့်ဝတ်ဆိုင်ရာ လုပ်ဆောင်ချက်များကို ရယူရန် အားပေးနိုင်ပါသည်။ ဥပဒေနှင့် ကျင့်ဝတ်သည် အယူအဆတစ်မျိုးစီ ဖြစ်သော်လည်း ဆက်နွှယ်မှုရှိကြောင်း အသေးစိတ်ဆွေးနွေးထားပါသည်။ ယင်းဆက်နွှယ်မှုသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၌ သိသာထင်ရှားပါသည်။ ကျင့်ဝတ်နှင့်မညီသော လုပ်ဆောင်ချက်သည် အဂတိလိုက်စားမှုကို ဖြစ်ပေါ်စေပြီး ကျင့်ဝတ်ပျက်ပြားမှု သို့မဟုတ် အဂတိလိုက်စားမှုကို ဆန့်ကျင်ဖော်ထုတ်သူများအား အကာအကွယ်ပေးခြင်းနှင့် အလားသဏ္ဍာန် တူညီပါသည်။ အဂတိလိုက်စားမှု၏ သားကောင်များ၊ သက်သေများအနေဖြင့် ကျောင်းသားများထံမှ အခမဲ့ဥပဒေရေးရာအကူအညီနှင့် အကြံဉာဏ်များ ရရှိရန်၊ လုပ်ဆောင်ချက်များ တရားဝင်မှုရှိစေရန်၊ လက်စားချေခြင်းမှ ကာကွယ်ပေးရန်အတွက် ပတ်ဝန်းကျင်ကောင်းကို အဆိုပါကျောင်းများက အကောင်အထည်ဖော်ဆောင်ရွက်ပေးပါသည်။ အကူအညီနှင့် အကြံဉာဏ်များကို အခမဲ့ပေးအပ်ပါသည်။ သို့သော် ကျောင်းသားများအနေဖြင့် ရှေ့နေများနှင့် အမှုသည်များ၏ အခွင့်အရေးကို လေးစားလိုက်နာရပါမည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကျောင်းများအနေဖြင့် ကျောင်းသားများအား ကျင့်ဝတ်နှင့်မညီသော အပြုအမူများကို ခွဲခြားသတ်မှတ်ရန်နှင့် အကဲဖြတ်ရန်အတွက် ဝန်ဆောင်မှုပေးနိုင်ပါသည်။ ဥပဒေရေးရာ အကြံဉာဏ်များနှင့် ဖြစ်နိုင်ချေရှိသော ကုစားမှုများကိုလည်း ပေးအပ်နိုင်မည် ဖြစ်ပါသည် (whalen-Bridge,2017)။

၂၉။ ကျောင်းသားများအနေဖြင့် လက်တွေ့အမှုများတွင် ကျင့်ဝတ်ဆိုင်ရာ ရှုထောင့်များနှင့်အညီ ၎င်းတို့ကိုယ်တိုင် ပါဝင်လေ့ကျင့်ခြင်းကို အဆိုပါကျောင်း၌ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျောင်းသားများအနေဖြင့် အခြားကျွမ်းကျင်သူများနှင့် ပူးပေါင်း၍ ကျွမ်းကျင်မှုကို တိုးတက်အောင် ဆောင်ရွက်နိုင်ပါသည်။ တစ်ချိန်တည်းမှာပင် ဥပဒေကျောင်းသည် လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် အကျိုးရှိစေနိုင်မည်ဖြစ်ပါသည်။ ဥပဒေကျောင်းများ၌ ပါဝင်ဆောင်ရွက်သော ကျောင်းသားများသည် အနာဂတ်တွင် ဥပဒေကျွမ်းကျင်သူများ ဖြစ်လာနိုင်ပါသည်။ ဤဥပဒေကျောင်းမှ ရရှိသော ၎င်းတို့၏ အတွေ့အကြုံများကို အနာဂါတ်လုပ်ငန်း

များတွင် ရှေ့နေများ သို့မဟုတ် အကျိုးဆောင်ကိုယ်စားလှယ်ရှေ့နေများအဖြစ်သို့ ပြောင်းလဲနိုင်မည်ဖြစ်သည်။ ထို့အပြင် ကျင့်ဝတ်ဆိုင်ရာ ယဉ်ကျေးမှုကို မြှင့်တင်မှု၏ တစ်စိတ်တစ်ပိုင်းအနေဖြင့်လည်းကောင်း၊ ကျင့်ဝတ်နှင့်မညီသည့် အပြုအမူများနှင့်ပတ်သက်သော သတင်းအချက်အလက်များကို ဖော်ထုတ်နိုင်သည့် စွမ်းရည်များ တည်ဆောက်နိုင်ရန်အတွက်လည်းကောင်း၊ အများပြည်သူဆိုင်ရာနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအနေဖြင့် ဝန်ထမ်းများအား ကျင့်ဝတ်ဆိုင်ရာ ပြဿနာများ၊ အကြပ်အတည်းကိစ္စရပ်များကို အဂတိလိုက်စားမှုတိုက်ဖျက်ရေး တက္ကသိုလ်၊ ဥပဒေကျောင်းများတွင် မျှဝေဆွေးနွေးရန် တိုက်တွန်းဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

၃၀။ ထို့အပြင် အဖွဲ့အစည်းများအနေဖြင့် ဥပဒေကျောင်းများနှင့် ပူးပေါင်း၍ ဝန်ထမ်းများအတွက် ဂယက်ရိုက်ခတ်မှုများ၊ တန်ပြန်မှုများ ဖြစ်ပေါ်လာနိုင်သည့် ကိစ္စများမှ ကာကွယ်ပေးခြင်း (သတင်းပေးတိုင်ကြားသူများအား ကာကွယ်စောင့်ရှောက်ရေးအပါအဝင် အလုပ်သမားဥပဒေအရ အခြားကာကွယ်စောင့်ရှောက်မှုပုံစံများသည်လည်း ပါဝင်နိုင်ပါသည်) ကို အလေးပေးသော သင်တန်းများ ဖွင့်လှစ်ပေးနိုင်ပါသည်။ ကာကွယ်စောင့်ရှောက်ခြင်းသည် မိမိတို့အဖွဲ့အစည်း၏ ချဉ်းကပ်မှုသာမဟုတ်ဘဲ ဥပဒေကြောင်းအရ လိုအပ်ချက်များဖြစ်ကြောင်း ဥပဒေကျောင်းသားများအနေဖြင့် ဝန်ထမ်းများအား အသိပေးပြောကြားနိုင်ပါသည်။ ဤနည်းအားဖြင့် ကျင့်ဝတ်အရ ညှိနှိုင်းဆောင်ရွက်နိုင်သော အခြေအနေများကို ဆွေးနွေးရန် ဖြစ်နိုင်ခြေကို ပိုမိုမြင့်မားစေပါသည်။

၃၁။ နောက်ထပ်ဥပမာတစ်ခုမှာ ထုတ်ဖော်ပြောကြားသည့် အလေ့အကျင့်နှင့် ဝန်ထမ်းများက တုံ့ပြန်ပြောကြားခြင်း၊ ပြန်လည်တင်ပြခြင်းပင်ဖြစ်ပါသည်။ ယင်းဥပဒေကျောင်းသို့ တက်ရောက်သည့် ကျောင်းသားများအနေဖြင့် ကျောင်းဝက်ဘ်ဆိုဒ်၌ အထက်အရာရှိ၏ လုပ်ဆောင်ချက်၊ ကုမ္ပဏီအတွင်းဆက်ဆံရေး၊ လူတစ်ဦး၏ သဘောထားအား လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ စည်းကမ်းချိုးဖောက်မှုအတွက် ပြစ်ဒဏ်အမျိုးအစားများ၊ လုပ်ငန်းအပေါ် အကျိုးသက်ရောက်မှု၊ တိုးတက်မှုအတွက် အကြံပြုချက်များနှင့်စပ်လျဉ်းသည့် မေးခွန်းများမေးရန် ပုံစံကို ရေးဆွဲ၍ ဖြန့်ချိနိုင်ပါသည်။ အဖွဲ့အစည်းများအနေဖြင့် ယင်းပုံစံများကို အသုံးပြုကာ စောင့်ကြည့်ကိရိယာအဖြစ်လည်းကောင်း၊ ၎င်းတို့တာဝန်ယူရမည့် လုပ်ငန်း၏အခြေခံအဖြစ်လည်းကောင်း အသုံးပြုနိုင်ပါသည်။

၃၂။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကျောင်းများအနေဖြင့် ကျောင်းများ၌ စာရင်းသွင်းမထားသော ကျောင်းသားများကိုလည်း သင်ကြားပေးနိုင်ပါသည်။ တက္ကသိုလ်တစ်ခုမှ ကျောင်းသားများအနေဖြင့် ကျင့်ဝတ်ပျက်ပြားခြင်းကိစ္စကို မည်ကဲ့သို့ ထုတ်ဖော်ပြောကြားရမည်ကို မသိရှိပါက တက္ကသိုလ်၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကျောင်းနှင့် တိုင်ပင်ဆွေးနွေးနိုင်ပါသည်။ ကျောင်းသားများအနေဖြင့် လုပ်ဖော်ကိုင်ဖက်များနှင့် ဆွေးနွေးခြင်းဖြင့် ကျင့်ဝတ်ပျက်ပြားခြင်းသည် ဥပဒေရှုထောင့်အရ အဂတိလိုက်စားမှုမြောက်/မမြောက်၊ ၎င်းအနေဖြင့် ထုတ်ဖော်ပြောကြားပါက မည်ကဲ့သို့ အကာအကွယ်ပေးနိုင်မည်တို့ကို သိရှိနိုင်မည်ဖြစ်ပါသည်။ ကျောင်းသားများအတွက်သာမက အခြားလုပ်ငန်းအပ်နှံသူနှင့် လုပ်ငန်းဆက်စပ်သူများအတွက် ဥပဒေကျောင်းများအနေဖြင့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပွင့်လင်းစွာ ဆွေးနွေးနိုင်သော ကျောင်းသားများနှင့် သက်တူရွယ်တူများ၏ တုံ့ပြန်ချက်ရရှိနိုင်သော ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးနိုင်မည် ဖြစ်ပါသည်။

၃၃။ နိဂုံးချုပ်အားဖြင့် ဤအခန်းတွင် ဖော်ပြခဲ့သည့်အတိုင်း လက်တွေ့ကျသည့် မဟာဗျူဟာအချို့သည် ကျင့်ဝတ်နှင့်ညီသည့် ဆုံးဖြတ်ချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အထောက်အပံ့ဖြစ်စေပါသည်။ စွမ်းဆောင်ရည်ရှိသည့် ဝန်းကျင်ကောင်းများဖန်တီးပေးနိုင်ရေး အလေးထားဆောင်ရွက်ရာတွင် အချို့မဟာဗျူဟာများကို အဖွဲ့အစည်းအဆင့်၌သာ အသုံးပြုနိုင်ပါသည်။ ခက်ခဲသည့်အခြေအနေများ၌ ကျင့်ဝတ်နှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် တစ်ဦးချင်းလုပ်ဆောင်နိုင်စွမ်းအား မြင့်မားလာအောင် ဆောင်ရွက်ရာတွင် အခြားသော မဟာဗျူဟာများသည် လူတစ်ဦးချင်းအဆင့်၌ အသုံးဝင်နိုင်ပါသည်။ ခက်ခဲသည့်အခြေအနေဟုဆိုရာတွင် အဖွဲ့အစည်းဆိုင်ရာ သဘောသဘာဝများသည် ကျင့်ဝတ်နှင့်အညီလုပ်ဆောင်ရန် အဟန့်အတားဖြစ်နေတတ်ခြင်းကို ဆိုလိုပါသည်။ ဤအခန်းတွင် ကျောင်းသားများအား ရှင်းလင်းချက်များ၊ အပြန်အလှန် လေ့ကျင့်ခန်းများမှတစ်ဆင့် မဟာဗျူဟာ (၂) ရပ်လုံးနှင့် ရင်းနှီးကျွမ်းဝင်စေရန် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။




# Module 7

# Strategies for Ethical Action

2020 March

ACC Myanmar

## Introduction

1. This Module introduces practical strategies for taking ethical action in the workplace (in the public or private sectors), university, community and in life more broadly. Acting ethically is often not easy. As discussed in Module 6 (/e4j/en/integrity-ethics/module-6/index.html)(Challenges to Ethical Living) and Module 8(/e4j/en/integrity-ethics/module-8/index.html) (Behavioral Ethics) of the E4J Integrity and Ethics University Module Series, there are numerous psychological quirks and contextual pressures that often make it difficult to do the right thing. The present Module discusses several practical strategies that can help well-meaning people overcome at least some of these obstacles. The strategies explored in the Module go beyond merely raising awareness of the challenges and pitfalls that obstruct ethical behaviour. They are action-based approaches or methods that build capacity to act ethically. For example, the Module shows the extent to which script writing, action planning, rehearsal and peer coaching can help navigate challenging ethical situations even in circumstances that can lead ethical people to act in ways that contradict their genuine commitments. These action-based approaches draw on research and experience suggesting that capacity for ethical action can be built through training and good practice examples.

2. The Module is a resource for lecturers. It provides an outline for a three-hour class but can be used for shorter or longer sessions, or extended into a full-fledged course (see: Guidelines to develop a stand-alone course)(/e4j/integrity-ethics/module-7/guidelines-stand-alone-course.html).

## 3. Learning outcomes

- Understand how to overcome common psychological and contextual impediments for taking ethical action

- Adopt strategies for taking ethical action that have been developed in different sectors and areas
- Craft, refine and deliver scripts for enacting ethical action and build the habit to do so
- Become more effective change agents
- Apply peer-coaching techniques around workplace ethics conflicts

Key issues

4. Most people generally know what the right thing to do is, and may even take decisions to act on this knowledge. However, due to numerous impediments, they fail to act in ways that mirror their honestly held commitments. This Module explores some of the practical strategies that can help implement ethical decisions. Its point of departure is a "post-decision making" stage or mind-set.

5. Practical strategies for ethical action can be broadly divided into two categories: those that apply on the organizational level and those that target the individual level. Organizational level approaches focus on creating environments in which individuals are encouraged to speak up without fear of retaliation. In the literature, this environment is also referred to as a just culture, a no-blame culture or a safe psychological environment. Many public and private sector organizations have started to embrace such an organizational culture in order to detect mistakes or unethical practices at the earliest possible opportunity and thus minimize damage. A no-blame culture not only promotes disclosure but it also enables the organization to learn and improve. By contrast, approaches on the individual level were developed to build the capacity of individuals to take ethical action even in difficult circumstances, including when the context or organizational culture are not conducive to ethical action. The individual-level approaches regard the capacity for ethical action as a "moral muscle" that can

be trained and strengthened just like any muscle of the body. Both types of approaches are discussed in the following paragraphs and are demonstrated through the exercises of this Module.

**Organizational level: creating enabling environments**

6. Research has shown that fear of consequences may keep individuals from speaking up when they make mistakes or detect unethical behaviour (Kish-Gephart et al., 2009). Fear not only originates from bad experiences but may also stem from understanding what might happen after a disclosure in terms of retaliation or punishment. This fear has implications for organizations. For example, Company A produces automobile parts for a new car model that just went into mass production. At some point, the production manager of Company A discovers that the automobile parts are faulty, due to an issue in the production process that he or she is responsible for. The production manager fears that revealing the issue may mean that he or she will be punished or fired and therefore decides not to speak up. After a few months, it is discovered that the automobile parts of Company A show potentially dangerous material fatigue. Thousands of cars must be recalled in order to exchange the faulty parts, causing additional costs to Company A and damaging its reputation. The ensuing investigation shows that the damage would have been limited and potential danger averted if only the fault had been discovered at an earlier stage.

7. While the essence of the example above applies to all kinds of organizations, some sectors have been particularly proactive in taking measures to encourage employees to speak up. Such sectors include the aviation industry, healthcare and the military. In some of these sectors, the need to learn from mistakes is essential as safety issues may lead to incidents or accidents with potentially disastrous consequences. To encourage employees to speak up, the concept of just culture has developed. This concept refers to an environment in

which individuals are encouraged to learn from their mistakes rather than being punished.

8. This short article (http://www.eurocontrol.int/articles/just-culture) from the aviation organization Eurocontrol stresses the importance of a just culture in the aviation industry. It explains that punishing pilots with fines or a suspension of their licences can discourage them from reporting mistakes, with a consequent reduction in safety information. The article defines the concept of just culture as "a culture in which front-line operators and others are not punished for actions, omissions or decisions taken by them which are commensurate with their experience and training, but where gross negligence, wilful violations and destructive acts are not tolerated".

9. As stressed by this definition, embracing a just culture does not mean that individuals are above the law: gross negligence, wilful violations and destructive acts are not tolerated in a just culture. However, organizational responses to mistakes should be driven by a desire to improve the culture for the future, not just identify and punish someone. In an organizational culture where occurrences are reported, investigations are conducted, and mitigating measures are administered (e.g. trainings, improved communication of rules and regulation, revision of processes) near misses will have a greater chance of coming to light than in other, more punitive organizational cultures.

10. The concept of just culture is also relevant to other safety-critical industries such as healthcare and the military. In the military, "after-action reviews" often follow missions and trainings to help soldiers learn from their mistakes and achievements. In the health sector, the concept has been defined as "a learning culture that is constantly improving and oriented toward patient safety" (Boysen, 2013). The relevance of a just culture in the healthcare industry is explained in this short video(https://www.youtube.com/watch?v=zje7650Eggs).

Unfortunately, in many large healthcare institutions, blame cultures still exist with disastrous results. This news article (https://www.telegraph.co.uk/news/2018/06/21/gosport-nhs-blame-culture-must-end-prevent-another-hospital/) refers to a recent example from the United Kingdom.

11. Similarly, the concept of a no-blame culture seeks to support employees that make mistakes in order to create an organizational culture that encourages problem-solving, transparency and high performance. If mistakes occur (rather than intentional violations), a root cause analysis is done to determine all contributing factors and the blame is most often put on the process rather than the individual employee. Thus, the organization can learn from mistakes and there is higher employee loyalty.

